မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၁၅၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်   ၂၀၁၄ ခုနှစ်၊ မတ် ၁ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်   မတ်   ၁

၂၀၁၄ ခုနှစ် မတ် ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံသမ္မတ ဦးသောင်တဖွဲ့အကြီးအကဲ မစ္စတာ ဇယ်လ်ကို ကွမ်ဆစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တရားဥပဒေစိုးမိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ပျိုးထောင် ဒီမိုကရေစီအသက်ဝင်ရှင်သန်ရေးအတွက် အလွန်အရေးကြီးလှ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၁-၃-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ကျွန်တော်တို့အစိုးရရဲ့ လုပ်ဆောင်ချက်များကို မိဘပြည်သူများထံ ယခုကဲ့သို့ ပုံမှန်တင်ပြခြင်းဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှ အစပြုခဲ့တဲ့ သမိုင်းဝင်နေ့ရက်များဟာ ဖေဖော်ဝါရီလအတွင်းမှာ အများအပြားပါဝင်နေတယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားအရေးအတွက် အရေးကြီးတဲ့လဖြစ်ပြီး လွတ်လပ်ရေးရယူဖို့ ကြိုးပမ်းခဲ့တဲ့ သမိုင်းအဆင့်ဆင့်မှာ အရေးကြီးတဲ့ *စာမျက်နှာ ၃ ကော်လံ ၁* ✳

The Report Myanmar 2014 စာအုပ်သည် မြန်မာနိုင်ငံကို စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးအတွက် များစွာအထောက်အကူပြုမည် ယုံကြည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား CEO Mr. Andrew Jeffreys က မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ စာအုပ်နှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်   ဖေဖော်ဝါရီ   ၂၈

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် Oxford Business Group တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ စတင်မိတ်ဆက်ခြင်းအခမ်းအနား (The Launch of The Report Myanmar 2014) ကို ယနေ့နံနက် ၉ နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် Oxford Business Group မှ CEO Mr. Andrew Jeffreys က နှုတ်ခွန်းဆက်စကားပြောကြားပြီး Regional Editor Mr.Paulius Kuncinas က The Report Myanmar 2014 နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းတင်ပြရာတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အဆိုအရ မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်း ရောက်ရှိရန် ရည်မှန်းထားကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် အကြီးမားဆုံး အထောက်အကူတစ်ခုဖြစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေတိုးတက်မှုနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၂ ရာခိုင်နှုန်းခန့်ဖြစ်ပြီး နိုင်ငံ၏ ခန့်မှန်းလူဦးရေသည် လက်ရှိ ၅၅သန်းမှ ၂၀၁၈ ခုနှစ်တွင် သန်း ၇၀ အတွင်း ရှိမည်ဟုခန့်မှန်းထားကြောင်း၊ လုပ်ငန်းလုပ်သားအင်အားသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများ လာရောက်ရေးအတွက် အကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ရေးကို ကြိုးပမ်းလုပ်ဆောင်နေကြောင်း စသည်ဖြင့် ပါရှိသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတကာအသိအမှတ်ပြု ပုံနှိပ်အဖွဲ့က ထုတ်ဝေသည့် မြန်မာနိုင်ငံအစီရင်ခံစာသည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကို ပြည့်ပြည့်စုံစုံ ပြန်လည်သုံးသပ်နိုင်သည့် မှတ်တမ်းတစ်ခု ဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံပြုပြင် *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတကာ

မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်မှု တောင်ကိုရီးယားနိုင်ငံက ရှုတ်ချ

စာမျက်နှာ > ၄

အားကစား

ဖက်ဒရားနှင့် ဂျိုကိုဗစ် ဒူဘိုင်းဖလား အကြိုဗိုလ်လုပွဲ၌ တွေ့ဆုံ

စာမျက်နှာ > ၁၄

ပြည်တွင်း

ရှေးဟောင်းသမိုင်းဝင် ထူးခြားအံ့ဖွယ် ဘော်ကြို ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

စာမျက်နှာ > ၁၆

မြန်မာ့အလင်း၊ အယ်ဒီတာ့အာဘော်

မီးဘေးစည်းကမ်း

မည်သည့်မီးလောင်မှုဖြစ်စေ၊ မီးလောင်မှုဖြစ်ပွားရခြင်းမှာ မီးဘေးအန္တရာယ်ကို သတိမူလိုက်နာမှု အားနည်း၍ဖြစ်သည်။ မီးလောင်မည်ကို အလေးမထားခြင်းမှာ ပေါ့ဆမှုပင်ဖြစ်သည်။ မီးလောင်မှုဖြစ်စဉ်အားလုံးကို လေ့လာဆန်းစစ်ကြည့်လျှင် အများစုမှာ ပေါ့ဆမှုကြောင့်ပင်ဖြစ်သည်။ မီးတကာမီးထက် ပေါ့ဆမီးသည် ကြောက်စရာအကောင်းဆုံးဖြစ်သည်။ တစ်ချက် သတိလက်လွတ် ပေါ့ဆမိလိုက်သည်နှင့် ဆုံးရှုံးမှု တန်ဖိုးကြီးမားသော မီးလောင်မှုကြီးဖြစ်နိုင်သည်။

ဝိုင်ယာရှော့ဖြစ်၍ မီးလောင်သည်ဆိုခြင်းမှာ ဖြစ်သင့်သောအကြောင်းတရားမဟုတ်ပါ။ အကြောင်းမှာ ဝိုင်ယာရှော့မဖြစ်အောင် သတိပြုလုပ်ဆောင်နိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ သတိပြုလုပ်ဆောင်ရမည့်အလုပ်ကို သတိမပြုဘဲ လုပ်ဆောင်လိုက်သည့်အတွက်ပေါ့ဆမှုဖြစ်စေပါသည်။ ထိုလိုက်နာသတိပြုရမည့်အချက်ကို မလိုက်နာခြင်းသည်ပင်လျှင် စည်းကမ်းချိုးဖောက်ခြင်းပင်ဖြစ်သည်။ မီးသတိပြုရမည်ဆိုသည်ကို သတိမပြုဘဲ သတိလက်လွတ်နေလိုက်ခြင်းသည် မီးဘေးစည်းကမ်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။ မီးဘေးစည်းကမ်း ချိုးဖောက်သူတိုင်းသည် မီးလောင်ခံရဖို့များသည်။ မီးလောင်မှုဖြစ်ရန် အနီးစပ်ဆုံး အနေအထားပင်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အဓိကဈေးကြီးနှစ်ခုဖြစ်သည့် တောင်ငူမြို့မဈေးကြီးနှင့် ပဲခူးမြို့ သီရိဥဿာဈေးကြီး နှစ်ပတ်အတွင်း ရှေ့ဆင့်နောက်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်မှာ သတိပြုစဉ်းစားရမည့်အချက်ဖြစ်သည်။ မီးလောင်မှုဖြစ်စဉ် နှစ်ရပ်စလုံးမှာလည်း ဝိုင်ယာရှော့ကြောင့်ဖြစ်သည်။ မီးလောင်သည့် အချိန်များမှာလည်း ညပိုင်းနှင့် နံနက်လင်းအားကြီးအချိန် ဖြစ်နေသည်ကို သတိပြုမိပါသည်။ ထိုအချိန်များတွင် ဈေးများ၌ လူသူသွားလာမှု ကင်းမဲ့နေချိန်ဖြစ်သည်။ လူသွားလူလာနည်းချိန် မီးလောင်ခြင်းမှာ စဉ်းစားရမည့်အချက်ပင် ဖြစ်သည်။

မီးစတင်လောင်ကျွမ်းသည်ကို စောစီးစွာသိလျှင် အချိန်မီထိန်းချုပ်နိုင်ပါသည်။ နောက်ကျမှသိလျှင် ဆုံးရှုံးမှုများနိုင်ပါသည်။ နောက်ကျမှ သိသည်ဆိုခြင်းမှာ အချိန်နာရီနှင့် ကင်းလှည့်စောင့်ကြည့်မှု အားနည်းခြင်းကြောင့် ဖြစ်ပါသည်။ အချိန်နာရီသတ်မှတ်၍ ကင်းလှည့်ကြည့်ရှုခြင်းဖြင့် မီးလောင်မှုကို စောစီးစွာ သိရှိနိုင်ပါသည်။ မီးသတ်ကားများသည် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့လာသောရာသီတွင် အသင့်အနေအထားဖြစ်နေရပါမည်။ မီးလောင်သည်ဟု ကြားသည်နှင့် မိနစ်ပိုင်းအတွင်း အရောက်သွားနိုင်ရပါမည်။ သို့မှသာ မီးလောင်ဆုံးရှုံးမှု နည်းနိုင်မည်ဖြစ်ပါသည်။ သို့ပါသော်လည်း မီးလောင်မှုများမှာ လူအများအိပ်မောကျနေသည့် နံနက်ပိုင်းလင်းအားကြီးအချိန် လောင်ခြင်းမှာ အဆိုးရွားဆုံးဖြစ်ပါသည်။ အသင့်အနေအထားမဖြစ်၍ မီးလောင်မှု အချိန်ကြာပြီး ဆုံးရှုံးမှုတန်ဖိုး ကြီးမားနိုင်ပါသည်။

ဈေးကြီးများ မီးလောင်မှုသည် အဆိုးဆုံးဖြစ်ပါသည်။ ငွေကြေးအရင်းအနှီး၊ ပစ္စည်းများဆုံးရှုံးရသည့်အပြင် နီးနွယ်နေသော ဈေးရောင်းဈေးဝယ်အားလုံး အလုပ်အကိုင်များပါ ဆုံးရှုံးရသည့်သဘော ရှိပါသည်။ ဈေးများ မီးလောင်မှုသည် ဈေးသူ ဈေးသားများတွင် တာဝန်ရှိသလို မီးဘေးလုံခြုံရေးမှာလည်း တာဝန်ရှိပါသည်။ ဈေးသူဈေးသားများ မီးပေါ့ဆလျှင်လည်း မီးလောင်နိုင်ပါသည်။ ထို့အတူ မီးဘေးလုံခြုံရေး ကင်းလှည့်စောင့်ကြပ်မှုအားနည်းလျှင်လည်း မီးလောင်မှုကြီးထွားနိုင်ပါသည်။ ပေါ့ဆမှု၊ ကင်းလှည့်ကြည့်ရှုရန် အားနည်းမှုနှစ်ရပ်စလုံးမှာ မီးဘေးစည်းကမ်းလိုက်နာမှု နည်းပါးခြင်းပင်ဖြစ်ပါသည်။ မီးဘေးစည်းကမ်းလိုက်နာမှု အားနည်းနေသရွေ့ မီးလောင်မှုသည် အချိန်မရွေးဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဈေးကြီးများ ထပ်မံမီးလောင်မှုမဖြစ်ပေါ်ရေး မီးဘေးစည်းကမ်း သတိပြုလိုက်နာရန် ဈေးတာဝန်ရှိသူအသီးသီးက အထူးကြပ်မတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ဧပြီ၊ မေလများတွင် ထုတ်ချေးပေးရန် စီစဉ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ Mr.Wang Yi နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသော အသေးစားငွေစု ငွေချေးလုပ်ငန်း (Microfinance) များ အခြေအနေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်မှ ချေးယူထားသည့် ဒေါ်လာသန်း ၁၀၀ အနက် သန်း ၅၀ ကို ဆောင်းသီးနှံစိုက်ပျိုးစရိတ်အဖြစ် မြို့နယ်ပေါင်း ၂၃၈၊ အသင်းပေါင်း ၈၇၂၃ သင်းနှင့် သမဝါယမအသင်းသားပေါင်း ၅၂၀၉၇၅ ကို ထုတ်ချေးထားပြီးဖြစ်ကြောင်း၊ ကျန်ငွေကိုလည်း မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ဧပြီ၊ မေလများတွင် မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ အသင်းပေါင်း ၆၅၄၁ သင်းနှင့် အသင်းသားပေါင်း ၄၉၆၈၇၀ သို့ အချိန်မီထုတ်ချေးပေးသွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊

အသေးစားချေးငွေလုပ်ငန်းတွင် ယခင်က နှစ်ကျပ်ခွဲတိုးယူခဲ့သော်လည်း EXIM Bank ချေးငွေဖြင့် ဆောင်ရွက်ချိန်မှစ၍ တစ်ကျပ်ခွဲတိုးနှုန်း လျှော့ချနိုင်ခဲ့ကြောင်း၊ EXIM Bank ချေးငွေဖြင့်ဆောင်ရွက်သော ငွေစုငွေချေးလုပ်ငန်းကြောင့် ကျေးရွာပေါင်း ၂၂၀၀၀ ကျော် ထုတ်ချေးငွေရရှိပြီး ကျေးရွာပေါင်း ၄၀၀၀၀ ကျော် ထုတ်ချေးငွေမရရှိသေးကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေသန်း ၆၀ တွင် အိမ်ထောင်စု ၁၂ သန်းခန့်ရှိရာ အိမ်ထောင်စု နှစ်သန်းကျော်ကိုသာ ထုတ်ချေးပေးနိုင်သောကြောင့် ၁၀ သန်းကျော် ထုတ်ချေးငွေမရသေးကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ နှစ်ကုန်ပိုင်းတွင် ကျေးရွာအားလုံးသို့ အသေးစား ငွေစု ငွေချေးလုပ်ငန်း ဖွံ့ဖြိုးရောက်ရှိအောင် စီစဉ်ထားကြောင်း၊ ယခုနှစ်အတွင်းတွင် မိသားစုတစ်စုလျှင် ငွေကျပ်တစ်သိန်း ချေးပေးရာမှ ငွေကျပ် ငါးသိန်းထိ တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ထုတ်ချေးငွေများ ဆုံးရှုံးမှုကာကွယ်နိုင်ရန်အတွက် တစ်ဦးချင်း တာဝန်ယူမှု၊ ဝိုင်းကြီးချုပ်အဖွဲ့ဖြင့် တာဝန်ယူမှု၊ အသင်းလိုက်တာဝန်ယူမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ထုတ်ချေးငွေများ ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိလျက်ရှိကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာက EXIM Bank ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော သမဝါယမဝန်ကြီးဌာန၊ အသေးစား ငွေစုငွေချေးလုပ်ငန်း (Microfinance) ဆောင်ရွက်မှုများမှာ ကျေနပ်အားရဖွယ်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်ကို တွေ့ရကြောင်း၊ ငွေကြေးမဆုံးရှုံးနိုင်စေရေးအတွက် သုံးမှုင့်ဆိုင်စနစ်ဖြင့် ထိန်းသိမ်းခြင်းကို တွေ့ရသည့်အတွက် စနစ်တကျဆောင်ရွက်မှုကို ကျေနပ်အားရမိပါကြောင်း၊ ယခင်သဘောတူထားပြီး ဖြစ်သည့်အတိုင်း ကျန်ငွေများ ရရှိရေးအတွက်လည်း မိမိကိုယ်တိုင် အလေးထား ဆောင်ရွက်ပြီး ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွားနို့အရည်အသွေးမြှင့်တင်ရေး ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နွားနို့အရည်အသွေး မြှင့်တင်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို မင်္ဂလာဒုံမြို့နယ် လေးဆောင့်ကန်စံပြကျေးရွာ ငွေစင်ပုလဲနွားနို့လုပ်ငန်း၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်သူက အမှာစကား ပြောကြားပြီး လက်ရှိနိုင်ငံတော်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။ (ယာပုံ)

အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိန်စိန်ကြီးက နွားနို့အရည်အသွေးမြှင့်တင်ရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကိုလည်းကောင်း၊ မေထုန်မဲ့သားစပ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ပညာပေးဟောပြောသည်။ ငွေစင်ပုလဲလုပ်ငန်းပိုင်ရှင် ဦးတင်ဝင်းကလည်း နွားနို့အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နို့စားနွားမွေးမြူရေး ခြံလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်း

ပန်းတနော် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပသွယ်ကျေးရွာအုပ်စုနှင့် ရေမြန်ကျေးရွာအုပ်စုကို ဆက်သွယ်သော ကွန်ကရစ်လမ်းအရှည် နှစ်မိုင် ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ ရက်က မအူပင်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းလင်းထွန်းက ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

အမေရိကား Apr - 07
ဥရောပ Apr - 10
ဩစတြေးလျ Apr - 10
ဂျပန် Apr - 13
ကိုရီးယား Apr - 12, 13
ဟောင်ကောင် Apr - 10, 12 ,13
ထိုင်း Apr - 11
တရုတ် Apr - 12
စင်ကာပူ Apr - 13
စင်ကာပူ–မလေးရှား Apr - 11, 12, 13
ဗန်ကောက် Apr - 11,12, 13
ဗီယက်နမ်–ကမ္ဘောဒီးယား Apr - 10
ဘာလီ–စင်ကာပူ Apr - 13
NM
NEW MOTION
Travels & Tours
Escape From Everyday Life
ရန်ကုန်ရုံး - 01-508124, 527254, 523253, 09 73148933-44-55-66 မန္တလေးရုံး- 09 91021122, 09 43147879 , 09 5034185

ပြည်တွင်းသတင်း

* ရှေ့မှ

အဆင့်တစ်ခုဖြစ်တဲ့ ပြည်ထောင်စုနေ့ကို ပေါ်ထွန်းစေခဲ့တဲ့ ပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တဲ့လလည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ မြန်မာ့ခေတ်သစ်သမိုင်းမှာ အလွန်အရေးပါတဲ့ တိုင်းရင်းသားအားလုံး အေးချမ်းသာယာစွာနှင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးနဲ့ တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှုကို ခိုင်မာသည့် အုတ်မြစ်ချသည့်အနေနှင့် ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တစ်ရပ်ကို အစပြုထူထောင်ပေးနိုင်ခဲ့တဲ့လလည်းဖြစ်ပါတယ်။ လွတ်လပ်ရေး ရရှိပြီးတဲ့ အချိန်ကစပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံတဲ့ ပဋိပက္ခများကြောင့် ခါးသီးတဲ့အတွေ့အကြုံတွေ ကြုံတွေ့ခဲ့ရပါတယ်။ အခုအချိန်မှာ ယင်းအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ပဋိပက္ခတွေချုပ်ငြိမ်းဖို့နဲ့ မိမိတို့တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နိုင်ဖို့ လက်တွဲဖော်ဆောင်ရမယ့် အချိန်ကာလလည်း ဖြစ်ပါတယ်။

လက်ရှိ မိမိတို့ရရှိထားတဲ့ ငြိမ်းချမ်းရေးကို အခြေပြုတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ စတင်အသက်ဝင်လာမှုဟာလည်း ပင်လုံကတိကဝတ်များကို ယနေ့ခေတ်စနစ်အခြေအနေများနဲ့ ကိုက်ညီမယ့် နိုင်ငံရေးနည်းလမ်းများနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာလာနိုင်ခြင်းအဆင့်ကို တက်လှမ်းနေခြင်းဖြစ်တယ်လို့ ရှုမြင်ရမှာဖြစ်ပါတယ်။

လက်တွေ့အားဖြင့်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအတွက်လည်း သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များအနေနဲ့ ကရင်ပြည်နယ် မြို့တော်ဖြစ်တဲ့ ဘားအံမှာ ကျင်းပပြုလုပ်မယ့် ကွန်ဖရင့်အတွက်လည်း အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဘားအံကွန်ဖရင့်ကနေ တစ်ပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုဖို့ ရက်သတ်မှတ်နိုင်မည့်ကိစ္စကို ပြည်သူတစ်ရပ်လုံးနဲ့အတူ မျှော်လင့်စောင့်စားလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်သဘောတူညီမှုရယူခြင်းနဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ခြင်းတို့ကို အဆင့်ဆင့် တက်လှမ်းသွားကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အောင်မြင်စေဖို့အတွက် အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ စိတ်ရှည်သည်းခံခြင်းများနဲ့ တစ်ဦးနှင့်တစ်ဦး လိုအပ်ချက်များကို နားလည်လက်ခံနိုင်ရန် ကြိုးပမ်းခြင်းတို့ဖြင့် အတူလက်တွဲ ဆောင်ရွက်ကြဖို့လည်း ထပ်လောင်းတိုက်တွန်းအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဖေဖော်ဝါရီ ၂၂ ရက်နေ့က ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံမှုမှာ အဓိကထားပြောကြားခဲ့တဲ့အချက်ကတော့ မိမိတို့အစိုးရလက်ထက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာလည်း အစိုးရအနေနဲ့ပုံစံတကျရှိတဲ့ အမျိုးသားစီးပွားစနစ်တစ်ရပ်ပေါ်ထွန်းရန် အခြေခံမှုနေ၍ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေကြောင်းကို ပြောကြားခဲ့ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေတာကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေနဲ့ မူဘောင်အသစ်နဲ့စနစ်တကျရှိတဲ့ အခွင့်အလမ်းကောင်းများအဖြစ် ရှုမြင်ပြီးဈေးကွက်စီးပွားရေးစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ မျှတစွာယှဉ်ပြိုင်ခွင့်ရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်တည်ဆောက်နေခြင်းကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေနဲ့လည်း ထိရောက်မှု ပူးပေါင်းပါဝင်ကြဖို့နဲ့ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုများပြုလုပ်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေနဲ့လည်း စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ်မှာ အဆိုးမြင်ခြင်းနဲ့အပြစ်တင်ခြင်းဆိုတဲ့ ရှုမြင်ခြင်းကနေ မိမိတို့တစ်ဦးချင်း လုပ်နိုင်စွမ်းရှိတဲ့ ကဏ္ဍအလိုက် အဖြေထွက်ရေးနဲ့ တည်ဆောက်ရေးဆိုတဲ့နည်းလမ်းများနဲ့ ချဉ်းကပ်ဆောင်ရွက်သွားကြရမှာဖြစ်တဲ့အကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ယခုလအတွင်းမှာ လယ်ယာမြေများအတွက် စိုက်ပျိုးရေရရှိရဲ့သာမက စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်မှုကနေ ကာကွယ်ပေးရေးလုပ်ငန်းများဖြစ်တဲ့ ပဲခူး- စစ်တောင်း တူးမြောင်းကြီး၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ ထီးလှိုင်ကန်၊ မြင်းခြံခရိုင်ရှိ ဇကျွမ်း-ကန်မြကန်၊ ကန်နှာ ကန်များကို အဆင့်မြှင့်တင်တူးဖော်ခြင်းများ၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်တူးဖော်ခြင်းလုပ်ငန်းများ တာဝန်ပေးလုပ်ဆောင်နေမှုများကို ကျွန်တော်ကိုယ်တိုင်သွားရောက်ကြည့်ရှုအားပေးခဲ့ပါတယ်။ ယခုလို စိုက်ပျိုးရေ သောက်သုံးရေအတွက် အထောက်အကူပြုမည့် တိမ်ကောနေသော မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ကန်ကြီးများ၊ ရေနက်တွင်းများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပေးနေခြင်းဟာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို ထိရောက်စွာမြှင့်တင်ပေးရာရောက်သဖြင့် ကျွန်တော့်အနေနဲ့ ဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖက်မှာလည်း နှစ်စဉ်မုန်တိုင်းဒဏ်ကို သင်ခန်းစာယူပြီး သဘာဝဘေးအန္တရာယ်ကပ်ဆိုးတွေရဲ့ ဆိုးရွားတဲ့အန္တရာယ်ကို ကာကွယ်နိုင်ဖို့လည်း လိုအပ်တဲ့အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ ပြည်သူလူထုအများစုနေထိုင်တဲ့ကျေးရွာတွေ၊ မိမိရတဲ့စိုက်ပျိုးမြေတွေ၊ စိုက်ပျိုးရေတွေအန္တရာယ်မကျရောက်စေဖို့ သဘာဝဘေးအန္တရာယ်ကိစ္စတွေအတွက် လွှတ်တော်ကခွင့်ပြုထားတဲ့ သီးသန့်ရန်ပုံငွေများကို အသုံးပြုဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။

ယခုလအတွင်းမှာ မြန်မာနိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးနှစ် ၆၀ ပြည့် အထိမ်းအမှတ်အနေနဲ့ ဂျာမနီနိုင်ငံသမ္မတကြီး မြန်မာပြည်ကို ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိခဲ့ပါတယ်။ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုတွေအရ မြန်မာနိုင်ငံက တင်ရှိနေတဲ့ကြွေးမြီ ယူရို ၁၀၈၄ သန်းအနက် ၅၀ ရာခိုင်နှုန်းလျှော်ပေးခဲ့ပြီး ကျန်ရှိတဲ့ ၅၀ ရာခိုင်နှုန်းကိုလည်း သက်သာတဲ့အတိုးနှုန်းနဲ့ နှစ်ရှည်ပြန်လည်ပေးဆပ်ရန် ပြောင်းလဲသတ်မှတ်ခြင်းစတဲ့ သဘောတူညီချက်များ ရရှိခဲ့ကြပါတယ်။ ဤအပြင်မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမယ့် အဓိကကျတဲ့အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအကူအညီအပါအဝင် အခြားကဏ္ဍများမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားဖို့လည်း သဘောတူညီချက်များရရှိခဲ့ပါတယ်။ ဂျာမနီသမ္မတကြီး အနေနဲ့လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ ယခင်အရှေ့ဂျာမနီ-အနောက်ဂျာမနီတို့ရဲ့ အတွေ့အကြုံများနဲ့ ပြည်သူလူထုပါဝင်ရမည့် တာဝန်တွေကို ရန်ကုန်တက္ကသိုလ်တွဲ့နှင်းသဘင်မှာ ပြောကြားတဲ့သူ့ရဲ့မိန့်ခွန်းမှာ ထည့်သွင်းအကြံပြု ပြောကြားခဲ့ပါတယ်။

ယခင်လများကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စနဲ့ ပတ်သက်ပြီးလည်း ကျွန်တော့်ရဲ့သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ ယခုလမှာ ထပ်လောင်းပြောကြားလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များမှာ မြန်မာလူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များနဲ့ သဟဇာတဖြစ်အောင် အခြေအနေအချိန်အခါအလိုက် လိုအပ်တဲ့ပြင်ဆင်မှုများပြုလုပ်သွားရမယ်ဆိုတဲ့မူကိုဆုပ်ကိုင်ထားသင့်ကြောင်းပင်ဖြစ်ပါတယ်။ ဒီကနေ့ ဖြစ်ထွန်းရရှိလာတဲ့ ပြုပြင်ပြောင်းလဲမှုများရဲ့ ရလဒ်များဖြစ်တဲ့ နိုင်ငံရေးပွင့်လင်းလာမှုနဲ့ မီဒီယာလွတ်လပ်ခွင့်တွေကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွေ၊ အခြားဥပဒေရေးရာပြင်ဆင်မှုကိစ္စရပ်တွေကို နိုင်ငံရေးအင်အားစုများ ပြည်သူများအနေနဲ့လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာနိုင်ပြီဖြစ်ပါတယ်။

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လက်ရှိဥပဒေများနဲ့ ပတ်သက်ပြီး လွတ်လပ်စွာ သဘောထားကွဲလွဲပိုင်ခွင့်ရှိသော်လည်း ဒီဥပဒေတွေပြင်ဆင်ဖို့ ကြိုးပမ်းတဲ့နေရာမှာလက်ရှိပြဋ္ဌာန်းထားတဲ့ဥပဒေဘောင်ထဲကနေ စည်းကမ်းတကျ ကြိုးပမ်းအားထုတ်ကြရမှာဖြစ်သလို လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေမူဘောင်များကို ကျွန်တော်အပါအဝင်နိုင်ငံသားအားလုံးက အလေးထားလေးစားလိုက်နာကြရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိမိတို့ပြင်ဆင်ဖို့ကြိုးပမ်းတဲ့ဥပဒေများ တည်မြဲနေစဉ်မှာတော့ မကြိုက်နှစ်သက်သော်လည်း နိုင်ငံကြီးသားပီသစွာ တရားဥပဒေကို လေးစားလိုက်နာခြင်းမလျှော့အမြစ်တွယ်နိုင်မာရေးအတွက် လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေများကို လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။

ဒီလိုတရားဥပဒေစိုးမိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ခြင်းဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသက်ဝင်ရှင်သန်ရေးအတွက် အလွန်အရေးကြီးလှပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောကြားလိုတဲ့ အချက်တစ်ချက်ကတော့ ကျွန်တော့်အနေနဲ့ အခုလို ရေဒီယိုကနေတစ်ဆင့် ပြည်သူလူထုနဲ့ ဆက်သွယ်ပြောကြားနေခြင်းဟာ မိမိတို့အစိုးရအကောင်အထည်ဖော်မယ့် အစီအမံများကို ကြိုတင်အသိပေးခြင်း၊ လုပ်ဆောင်ချက်များ လက်တွေ့အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို တင်ပြခြင်းနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့သဘောထားရပ်တည်ချက်များကို အသိပေးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေတာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် မိမိတို့လူ့အဖွဲ့အစည်းအတွင်း ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့တဲ့ အစိုးရနှင့် ပြည်သူအပြန်အလှန်ဆက်ဆံရေး ယဉ်ကျေးမှုပုံစံကို ပြန်လည်အသက်ဝင်ရှင်သန်လာရေးဆိုတဲ့ စေတနာနဲ့ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။ ဤကဲ့သို့ ဆက်ဆံရေးယဉ်ကျေးမှုကို အစဉ်အလာတစ်ရပ်အနေနဲ့ ထူထောင်ပေးခဲ့မှသာ နောင်လာမယ့် မျိုးဆက်သစ်နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ ပြည်သူလူထုကို အလေးထားဆက်ဆံမည်ဟု ယုံကြည်တဲ့အတွက်လည်း အာရုံစိုက်ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ အစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိတ်ပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

ပြည်သူလူထုနဲ့ဆက်သွယ်ပြောကြားနေခြင်းဟာ မိမိတို့အစိုးရအကောင်အထည်ဖော်မယ့် အစီအမံများကို ကြိုတင်အသိပေးခြင်း၊ လုပ်ဆောင်ချက်များ လက်တွေ့အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြခြင်းနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်တဲ့ ကျွန်တော့်ရဲ့သဘောထားရပ်တည်ချက်များကို အသိပေးရန် ရည်မှန်းချက်ထား ဆောင်ရွက်နေတာဖြစ်

မြန်မာနိုင်ငံ ရဲညွန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံရဲညွန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံရဲညွန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ The Myanmar Auxiliary Force Act(Vol.II) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာပေမြင့်မှ လူမျိုးတင့်မည်

တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)၌ "တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် အနောက်တိုင်းဆေးများ မပါဝင်ဘဲ ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းကို ဆိုသည်။" ဟု အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ(ဎ)၌ ပါရှိသော "ဆေးမြီးတို" ဆိုသည့်စကားရပ်ကို "အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ဂ) ပုဒ်မခွဲ(ဍ)ကို ပယ်ဖျက်ရမည်၊

(ဃ) ပုဒ်မခွဲ(ဎ)၊ (ဏ)၊ (တ) နှင့် (ထ)တို့ကို ပုဒ်မခွဲ(ဍ)၊ (ဎ)၊ (ဏ) နှင့် (တ)တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၃။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ(က)၌ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့်စကားရပ်ကို "ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ(ခ)၌ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၃၃ တွင်ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀၀အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် ငါးသောင်းအထိဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၄၃ တွင် ပုဒ်မခွဲ(က)၌ပါရှိသော "လုပ်ထုံးလုပ်နည်းများ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ(ခ)၌ "ညွှန်ကြားချက်"ဆိုသည့် စကားရပ်၏နောက်တွင် "နှင့်လုပ်ထုံးလုပ်နည်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတကာသတင်း

နိုင်ဂျီးရီးယား စစ်သွေးကြွ တိုက်ခိုက်မှုကြောင့် ၃၇ ဦးသေဆုံး

ဘိုကိုဟာရမ်း ဖေဖော်ဝါရီ ၂၈

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သီးခြားစီတိုက်ခိုက်မှု သုံးခုဖြစ်ပွားခဲ့ရာ သံသယရှိ ဘိုကိုဟာရမ်း စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၃၇ ဦး သေဆုံးသွားခဲ့သည်။

အဒါမာဝါပြည်နယ်၌ ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းက ကောလိပ်ကျောင်း တစ်ကျောင်းအပါအဝင် နေရာ သုံးနေရာတွင် တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောသည်။

သေနတ်သမားများက အုပ်စု သုံးစုခွဲပြီး နေရာသုံးခုတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး မီဒီယာများက ကိုးကားဖော်ပြသည်။ ယင်းတိုက်ခိုက်မှုသည် ယိုဘေးပြည်နယ် ကျောင်း တစ်ကျောင်း ဝင်ရောက်စီးနင်း တိုက်ခိုက်မှုကြောင့် ၄၃ ဦး သေဆုံးပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့သည်။ လွန်ခဲ့သောရက်များအတွင်း အဆိုပါ ပြည်နယ်၌ ဘဏ်များ၊ ရဲစခန်းနှင့် အစိုးရအဆောက်အအုံများ၊ ဈေးဆိုင်နှင့် နေအိမ်များကို စစ်သွေးကြွများက တိုက်ခိုက်လာကြောင်း ဒေသခံများက ပြောကြားသည်။

(ပရက်စ်တီဗွီ)

လေဆိပ်အတွင်း အမည်မသိတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

ရုရှားတပ်များနှင့် လက်နက်ကိုင်အဖွဲ့များ ယူကရိန်းပိုင်လေဆိပ်နှစ်ခုကို သိမ်းပိုက်ထားဟုဆို

ခရိုင်မီးယား ဖေဖော်ဝါရီ ၂၈

ယူကရိန်းပြည်ထဲရေးဝန်ကြီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဗက်စတိုပိုလ်လေဆိပ်ကို ရုရှားတပ်များ သိမ်းပိုက်နေကြောင်း စွပ်စွဲပြောကြားလိုက်သည်။

ယင်းတို့ရှိနေခြင်းသည် လက်နက်ကိုင်ကျူးကျော်ခြင်းပင်ဖြစ်ကြောင်း အာဆင်အဗာကော့ဗ်က ပြောကြားလိုက်သည်။ လက်နက်ကိုင်များသည် သောကြာနေ့က ခရိုင်းမီးယား၏ အဓိကလေဆိပ်ဖြစ်သည့် ဆင်ဖာရိုပိုလ်လေဆိပ်ကိုလည်း သိမ်းပိုက်ထားသည်ဟု ဆိုသည်။ ယင်းသိမ်းပိုက်မှုသည် ရုရှားလိုလားသော လက်နက်ကိုင်များက ခရိုင်းမီးယားဒေသဆိုင်ရာ ပါလီမန်ကို ဝင်ရောက်စီးနင်းပြီး တစ်ရက်အကြာပေါ် ထွက်လာခြင်း ဖြစ်သည်။ လွန်ခဲ့သည့်သီတင်းပတ်က သမ္မတဗစ်တာယာနုကိုဗစ်ချ် ဖြုတ်ချခံရပြီးနောက် အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တင်းမာမှုများ မြင့်တက်လာသည်။

အဆိုပါလက်နက်ကိုင်များသည် လေဆိပ်ထိန်းချုပ်ရေး တာဝါနှင့် လေဆိပ်အတွင်းအပြင်၌ သွားလာကင်းလှည့်လျက်ရှိပြီး တိုက်ခိုက်ရေးနိုင်ဖယ်များ ကိုင်ဆောင်ထားကြောင်း ၎င်းတို့က ပြောသည်။ သေနတ်သမား ၅၀ ခန့်သည် ရုရှားရေတပ်အလံများ သယ်ဆောင် ရောက်ရှိလာကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက အင်တာဖက်စ်-ယူကရိန်းသတင်းအေဂျင်စီသို့ ပြောကြားသည်။

ယင်းလေဆိပ်ကို ပုံမှန်လည်ပတ်အသုံးပြုသွားမည်ဟုလည်း ဆိုသည်။ လက်နက်ကိုင်များသည် မည်သည့်နေရာမှ ရောက်ရှိလာသည်ကို မသိကြောင်း၊ ၎င်းလက်နက်ကိုင်များအား စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်ပေးနေသူ ဗလာဒီမာဆိုသူက ရိုက်တာသို့ ပြောကြားသည်။ ယင်းဒေသသည် အိမ်နီးချင်း ရုရှားနိုင်ငံနှင့် တင်းမာလျက်ရှိသည်။

(ဘီဘီစီ)

ပါကစ္စတန် ကရာချိမြို့၌ တိုက်ခိုက်မှုများဖြစ်ပွား

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၈

ပါကစ္စတန်တောင်ပိုင်းမြို့တော် ကရာချိ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း တိုက်ခိုက်မှုများကြောင့် ၁၂ ဦး သေဆုံးခဲ့ပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက် ဒေသမီဒီယာသတင်းတစ်ရပ်အရ သိရသည်။

မြို့တော်၏နေရာအနှံ့အပြား၌ အမည်မသိသေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် လူငယ်လေးဦးပါဝင်ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

လေ့လာဆန်းစစ်ချက်များအရ သေဆုံးသူများသည် ဘာသာရေးအုပ်စုများနှင့်ဆက်နွယ်မှုရှိနေပြီး ဘာသာရေး အယူဝါဒကွဲပြားမှုများကြောင့် ယခုကဲ့သို့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲများက ယူဆခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားများသည် သောကြာနေ့က စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ပြီး သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့၏ အခန်းမှ ဝှက်ထားသော လက်နက်များနှင့် ကျည်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆင်ရေးကို ရိန်ဂျာတပ်ဖွဲ့ဝင်များ၏ လျှို့ဝှက်သတင်းလက်ခံရရှိပြီးနောက် စစ်တပ်များနှင့် ရိန်ဂျာတပ်ဖွဲ့ဝင် ၁၀၀၀ ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်မှု တောင်ကိုရီးယားနိုင်ငံက ရှုတ်ချ

ဆိုးလ် ဖေဖော်ဝါရီ ၂၈

တောင်ကိုရီးယားနိုင်ငံက ဆိုးလ်နှင့် ဝါရှင်တန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေချိန် တာတိုပစ်ဒုံးကျည်လေးစင်း စမ်းသပ်မှုအပေါ် ရှုတ်ချလိုက်သည်။

အငြင်းပွားဖွယ် စစ်ရေးလေ့ကျင့်မှု စတင်ပြီး သုံးရက်အကြာ ပြုံယမ်းက ကြာသပတေးနေ့တွင် ဂျပန်ပင်လယ်အတွင်း ဒုံးကျည်လေးလုံး စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အဆိုပါ ဒုံးကျည်များသည် တောင်ကိုရီးယားပစ်မှတ်များကို ထိမှန်ရောက်ရှိနိုင်ပြီး ကီလိုမီတာ ၃၀၀ မှ ၈၀၀ အထိ ပစ်နိုင်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆွတ်က သောကြာနေ့တွင် ပြောကြားသည်။

(ပရက်စ်တီဗွီ)

အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈

အီရတ်နိုင်ငံတစ်ဝန်း ရှီးယိုက်အများစုနေထိုင်ရာ အရပ်၌ သီးခြားစီ ပစ်မှတ်ထားတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၅၂ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသတင်းရပ်ကွက်များက ပြောသည်။

ကြာသပတေးနေ့က ဘဂ္ဂဒက်မြို့တော်အနီးရှိ ရှီးယိုက်အများစုနေထိုင်ရာဈေးကို မော်တော်ဆိုင်ကယ်ဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ ၃၁ ဦး သေဆုံးပြီး အခြား ၅၁ ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဘဂ္ဂဒက်မြို့တော် ရှီးယိုက်ခရိုင်များ၌ သီးခြားမီနီဘတ်စ်နှစ်စီးကိုလည်း ဗုံးများဖြင့်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လေးဦးသေဆုံးသွားခဲ့သည်။ ဘဂ္ဂဒက်မြို့မူရာဒါခရိုင်၌ စစ်သွေးကြွတစ်ဦးက စစ်ဘက်စစ်ဆေးရေးဂိတ်ကို ဖောက်ခွဲရေးပစ္စည်းတင်ကားဖြင့် ဝင်တိုက်ခဲ့၍ စစ်သားသုံးဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် အားစမန်းဂေဟာ၌ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ထင်ရှားသော လူမျိုးခေါင်းဆောင်ဖြစ်သည့် ရှိတ်ဆိတ်ဖလိန်အယ်လ်အားစမန်းနှင့် ၎င်း၏သက်တော်စောင့်ခြောက်ဦး သေဆုံးပြီး အခြား ၂၂ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ အီရတ်မြောက်ပိုင်း ဆာလာဟုဒင်ပြည်နယ် တွတ်ဇ်ခိုမာတုမြို့ ဈေး၌လည်း ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားခဲ့သည်။

အလားတူ ဆာလာဟုဒင်ပြည်နယ် ရှာကျက်မြို့ စစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွနှစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ဒီယာလာပြည်နယ်တွင်လည်း အမည်မသိ သေနတ်သမားများ မိသားစုတစ်စုအား ဝင်ရောက်ပစ်ခတ်ခဲ့ရာသို့ သုံးဦးသေဆုံးခဲ့ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောသည်။

အီရတ်နိုင်ငံတွင် မကြာသေးသည့်လများက အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာသည်။ ယင်းမှာ ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်လာသည်။

(ပရက်စ်တီဗွီ)

ဘဂ္ဂဒက်အနီး ကားဗုံးခွဲတိုက်ခိုက်မှုကို တွေ့ရစဉ်။

ထိုင်းကျောင်းဘတ်စ်ကားက အခြားထရပ်ကားကို ဝင်တိုက်ပြီး တွေ့ရစဉ်။

ထိုင်းကျောင်းဘတ်စ်ကားက ထရပ်ကားကိုဝင်တိုက် ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် ဆရာနှစ်ဦးသေဆုံး

ဗန်ကောက် ဖေဖော်ဝါရီ ၂၈

ထိုင်းနိုင်ငံအရှေ့ပိုင်း၌ ဘတ်စ်ကားတိုက်မှုဖြစ်ပွားခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၃ ဦးအပါအဝင် အနည်းဆုံးလူ ၁၅ ဦးသေဆုံးသွားကြောင်း ထိုင်းအာဏာပိုင်များက ပြောသည်။

အဆိုပါ ကျောင်းဘတ်စ်ကားသည် ဗန်ကောက်မြို့အရှေ့တောင်ဘက် မိုင် ၉၀ အကွာ ပတ္တရားမြို့ ပင်လယ်ကမ်းခြေသို့အသွား ထရပ်ကားတစ်စီးကို ဝင်တိုက်ခဲ့ကြောင်း ရဲအဖွဲ့ကပြောသည်။ ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် ဆရာနှစ်ဦး သေဆုံးပြီး အခြား ၃၀ ကျော် ဒဏ်ရာရသွားကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ထိုင်းနိုင်ငံတွင် ယာဉ်အသုံးပြုမှုများလာပြီး မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါယာဉ်တိုက်မှုသည် သောကြာနေ့အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းကျောင်းသား ကျောင်းသူများသည် ယာချာစီမာမြို့ အရှေ့မြောက်ပိုင်းမှ ပတ္တရားမြို့သို့ ထွက်ခွာလာစဉ် ကျောင်းဘတ်စ်ကားက ၁၈ ဘီးကားကိုဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ကျောင်းသား ကျောင်းသူများမှာ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းရှိကြောင်း၊ ယင်းယာဉ်တိုက်မှုအပေါ် စုံစမ်းနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

(ဘီဘီစီ)

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ၁၇ ဆု ချီးမြှင့်ရန်လျာထား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ရှိသည့်အဖွဲ့အစည်းများ၊ လူစွမ်းအား အရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးနှင့် ချီးမြှင့်ထိုက်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား ရွေးချယ်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပထမအကြိမ် ဆုချီးမြှင့်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေး၏ ဆွေးနွေးချက်များအပေါ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး သဘောထားမှတ်ချက်များကို တောင်းခံခဲ့ပါကြောင်း၊ မူလက ဆု ၁၆ ဆုပေးရန် လျာထားခဲ့သော်လည်း ယခု ဆု ၁၇ ဆု ချီးမြှင့်ရန်လျာထားပါကြောင်း၊ ယခု နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရာတွင် မပါဝင်သော်လည်း ကဏ္ဍအလိုက် စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ထိုက်သူများကို ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစီအစဉ်ဖြင့် သီးခြားစွမ်းဆောင်ရည်ဆု ချီးမြှင့်သည့် အခမ်းအနားများ ကျင်းပချီးမြှင့်သွားကြရန်ဖြစ်ကြောင်း၊ တောင်သူလယ်သမား/ လုပ်ငန်းရှင် အစိုးရသယ်ဖွင့်ဆိုသတ်မှတ်ချက်များ၊ အမှတ်ပေးစည်းမျဉ်းများကို ကော်မတီ/ဆပ်ကော်မတီများ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဆပ်ကော်မတီအသီးသီး၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ အငြင်းပွားမှုများ၊ မကျေနပ်မှုများမရှိစေရေး စနစ်တကျစိစစ်သွားကြရန်နှင့် စွမ်းဆောင်ချက်များ၊ ဗီဒီယိုမှတ်တမ်းများ၊ ရှင်းလင်းတင်ပြမှုများကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။(အပေါ်ပုံ)

ထို့နောက် မြို့ပြကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဦးစိုးသိန်းတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဗဟိုသန်းခေါင်စာရင်းကော်မတီမှ အသိပေးအကြောင်းကြားခြင်း

၁။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ ဒုတိယအဆင့်ဖြစ်သော မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် ကချင်ပြည်နယ် ပူတာအိုခရိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)တို့တွင် ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဘာသာစကားအရ ပိုမိုအချိန်ယူရန် လိုအပ်ချက်ကြောင့် ဒေသခံတိုင်းရင်းသားများ၏ တောင်းဆိုချက်နှင့် ဒေသအာဏာပိုင်များ၏ သဘောတူညီချက်ဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ပထမပတ်မှစပြီး ဒေသတစ်ခုချင်းအပေါ် မူတည်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ ပုဒ်မ (၃)နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မတီ

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်

စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရုံးအမှတ်(၂၂၈/၂၄၀)ဘားအေးလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းကျောင်း၌ မတ် ၆ ရက်(ကြာသပတေးနေ့)နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က "စီးပွားရေးပတ်ဝန်းကျင်ကောင်းဖန်တီးခြင်း(Creation of Conductive Business Environment)" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း ၀၁-၂၅၀၈၇၁၊ ၀၁-၃၇၁၂၈၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အထိမ်းအမှတ် လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ဆုရရှိသူများ စာရင်းကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ပြုလုပ်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အထိမ်းအမှတ်လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

သန်းခေါင်စာရင်း လှုံ့ဆော်ရေးသီချင်းတွင် စာရေးဖတ်က လူမှန်ပါမှ နိုင်ငံသာ(သို့) တို့အားလုံးမှာ တာဝန်ရှိတယ်၊ ကိုလွင်မြင့်က ကျေးဇူးပြု၍ အဖြေပေးပါ၊ ဇင်မောင်မောင်(ခေါ်) ဇမ္ဗူက ပူးပေါင်းပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့(သို့) သန်းခေါင်စာရင်းကောက်မယ့်နေ့ သီချင်းဖြင့်လည်းကောင်း၊ Theme Song တွင် စာရေးဖတ်က လူမှန်ပါမှ နိုင်ငံသာ (သို့) တို့အားလုံးမှာ တာဝန်ရှိတယ် သီချင်းဖြင့်လည်းကောင်း ဆုရရှိကြပြီး ဆုရရှိကြသူများအနေဖြင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မိုးအောင်ထံ ဆက်သွယ်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုသန်းခေါင်စာရင်းကော်မတီမှ တိုင်းရင်းသားပြည်သူညီအစ်ကိုများအတွက် အသိပေးအကြောင်းကြားခြင်း

၁။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်မှုဖြင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအဆင့်ဆင့်အား ၂-၅-၂၀၁၁ နေ့မှစ၍ဆောင်ရွက်ခဲ့ရာ သုံးနှစ်နီးပါးခန့်ရှိခဲ့ပြီးဖြစ်သည်။

၂။ ကြိုတင်ပြင်ဆင်ခြင်းကာလအတွင်း ဖွဲ့စည်းမှုအဆင့်ဆင့်အပြင် နိုင်ငံတစ်ဝန်း တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရှင်းလင်းခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ တိုင်းရင်းသားနယ်မြေအသီးသီးမှ ဒေသခံတိုင်းရင်းသား သတင်းထောက်များစသည်တို့နှင့် ကြိမ်ဖန်များစွာ တွေ့ဆုံရှင်းလင်းခြင်းများအပြင် လူထုဆက်သွယ်ရေး ကွန်ရက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်၍ အသိပေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

၃။ လတ်တလောကာလ ၂၆-၂-၂၀၁၄ နေ့၌ နေပြည်တော် Mount Pleasant Hotel တွင် တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များဖြင့် တစ်နေ့တာ တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်ပြီးဖြစ်ပါသည်။ စဉ်ဆက်မပြတ်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တွေ့ဆုံ၊ ရှင်းလင်း၊ ပြောကြားချက်များအပေါ် အခြေခံ၍ တိုင်းရင်းသားပြည်သူအပေါင်းမှ ရှင်းလင်းစွာ သိရှိနိုင်စေရန် အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

(က) ၁၉၃၁/၁၉၇၃/၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအပေါ် အခြေခံ၍ ပေါ်ထွက်လာသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးသည် ယနေ့အထိ အတည်ပြုသတ်မှတ်ထားဆဲဖြစ်၍ ကနဦးအဆင့်အဖြစ် ၎င်းအပေါ်၌ပင် အခြေခံခဲ့ခြင်းဖြစ်သည်။ အမှန်ဖြစ်နေသည်ဟု တရားသေ ဆုပ်ကိုင်ထားခြင်းမဟုတ်ပါ။

(ခ) ၎င်းလူမျိုး ၁၃၅ မျိုးတွင် အခေါ်အဝေါ် သတ်ပုံသတ်ညွှန်းများ ယွင်းခြင်း၊ တိုင်းရင်းသားလူမျိုးအချို့ ပျောက်ကွယ်သွားခြင်း၊ အမည်သစ်အချို့ ရှိနေခြင်း စသည့်အဆိုပြုချက်များအရ နိုင်ငံတစ်ဝန်းရှိအိမ်ထောင်စုတိုင်းကို ကိုယ်ပိုင်ဆန္ဒအရမြေကြားချက်များကို ကနဦးရယူပြီး ပြန်လည်စိစစ်ခြင်းများ ဆောင်ရွက်ရာတွင် ဤသန်းခေါင်စာရင်းလုပ်ငန်းက များစွာအထောက်အပံ့ဖြစ်စေပါသည်။

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်တစ်ခုလုံး ပြီးဆုံး၍ ပြန်လည်စိစစ်အတည်ပြုရန် ဆောင်ရွက်ရာတွင် လက်ရှိဖွဲ့စည်းထားသော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီသို့ ဆက်လက်ပေးပို့သွားပါမည်။ ထိုအချိန်တွင် တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက်များရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ အခြားသိလိုသည်များရှိပါက သန်းခေါင်စာရင်းဆိုင်ရာ မေး/ဖြေ ကဏ္ဍ Website, dop.gov .mm နှင့် facebook page, 2014 Myanmar Population and Housing Census တို့တွင်လည်းကောင်း၊ ဖုန်း- ၀၆၇-၄၃၁၀၆၂ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၃၊ ၀၆၇-၄၃၁၃၃၆ တို့သို့ဆက်သွယ်၍လည်းကောင်း မေးမြန်းနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မတီ

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

Myanmar B2B Management Magazine

စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက် ရည်ရွယ်ထုတ်ဝေလိုက်တဲ့ Myanmar B2B Management Magazine

(Special Report)

DVD ပါဝင် ထွက်ပြီ

ရွှေငြိမ်းစည် - ရွှေလက်တော် / အလောင်းတော်ကဿပ

Ph: 01-375970, 0951 72096, 0950 47516

ဆရာဒွေး အင်္ဂလိပ်စာ

ဒေနခုလ

Essay, Letter

ပြည်တွင်းသတင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကဏ္ဍများဆွေးနွေးပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအလားအလာများဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည်။

အာဆီယံ-ကိုရီးယား ဆွေးနွေးဘက်ဆက်ဆံရေး အလားအလာများဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံကို ဆိုးလ်မြို့ လော့တေးဟိုတယ်တွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ယင်းအပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်ကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ ပံ့ပိုးမှုဖြင့် အာဆီယံ-ကိုရီးယား ဗဟိုဌာန၊ ကိုရီးယားနေ့စဉ်ထုတ်သတင်းစာဖြစ်သည့် ချိုဆွမ်းအီလ်ဘို သတင်းစာနှင့် မလေးရှားနိုင်ငံအာရှမဟာဗျူဟာနှင့် ခေါင်းဆောင်မှုဆိုင်ရာဌာနတို့မှ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာညီလာခံတွင် အာဆီယံ-ကိုရီးယား ဗဟိုဌာန၏ အတွင်းရေးမှူးချုပ် မစ္စတာ ဟေမွန်ချွန်းမှ အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ချိုဆွမ်းအီလ်ဘို သတင်းစာနှင့် အာရှမဟာဗျူဟာနှင့် ခေါင်းဆောင်မှုဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီလျောင်မင်းက မိန့်ခွန်းပြောကြားသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဝန်ကြီးအဆင့် အထူးမိန့်ခွန်း ပြောကြားသူအဖြစ် ကဏ္ဍအသိုက်အဝန်းအတွင်းမှ အာဆီယံခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းတို့ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် အလေးထားဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများနှင့် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်လွန် အမြင်နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေးအနေအထား၊ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ကိုရီးယားသမ္မတနိုင်ငံ၏အခန်းကဏ္ဍ၊ အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ အာဆီယံ-ကိုရီးယား မဟာဗျူဟာမြောက်ဆက်ဆံရေးတွင် အာဆီယံ-ကိုရီးယားဗဟိုဌာန၏အခန်းကဏ္ဍနှင့် အလားအလာ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား အနာဂတ်အလားအလာနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကဏ္ဍများ၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အနာဂတ်အလားအလာတို့ကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားအမျိုးသားလွှတ်တော်၊ အမျိုးသားမူဝါဒရေးရာကော်မတီမှ ဥက္ကဋ္ဌနှင့် ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌလွှတ်တော်အမတ် မစ္စတာ ဖွန်းဟွန်းကောင်မ်နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာနိုင်ငံတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ သွားရောက်ရင်းနှီးမြှုပ်နှံရေး၊ စီးပွားရေးအလားအလာများနှင့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာယောင်ဗြွန်ဆေးနှင့် ဖေဖော်ဝါရီ ၂၇ ရက် နံနက်တွင် ကိုရီးယားသမ္မတနိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်တွေ့ဆုံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် အခွင့်အလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ (အပေါ်ပုံ)

ပြည်ထောင်စုဝန်ကြီးသည် ဆိုးလ်မြို့တွင်ရုံးစိုက်သည့် အာဆီယံ-ကိုရီးယားဗဟိုဌာနသို့ သွားရောက်ခဲ့ပြီး အာဆီယံ-ကိုရီးယားဗဟိုဌာန အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေးတွင် အာဆီယံ-ကိုရီးယား ဗဟိုဌာန၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းအစရှိသည့် ကဏ္ဍများတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်ခဲ့ပြီး မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးမှဝန်ထမ်းများနှင့် မိသားစုဝင်များကိုတွေ့ဆုံလျက် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အလားအလာများနှင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ၌ နေ့စဉ်သတင်းစာစောင်ရေနှစ်သန်းကျော် ထုတ်ဝေလျက်ရှိသည့် ချိုဆွမ်းအီလ်ဘိုသတင်းစာမှ သတင်းထောက်၏ တွေ့ဆုံမေးမြန်းမှုကို လက်ခံခဲ့ပြီး မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် ဦးစားပေးဆောင်ရွက်သွားမည့်ကဏ္ဍများ၊ အာဆီယံ-ကိုရီးယားဆွေးနွေးဘက် ဆက်ဆံရေး၏ အနာဂတ်အလားအလာနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ဆိုးလ်မြို့တွင် ရောက်ရှိစဉ်အတွင်း ဒေဝူးအပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်း၊ ဆမ်ဆွန်းကော်ပိုရေးရှင်း၊ ရှင်းဆေးဂဲကော်ပိုရေးရှင်း(အီး-မတ်)မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအလားအလာများ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သွားနိုင်သည့် စီးပွားရေးအခွင့်အလမ်းများကို အသိပေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ယာယီတိမ်းရှောင် မိသားစုများအား UNအဖွဲ့မှ စဉ်ဆက်မပြတ် ကူညီထောက်ပံ့လျက်ရှိ

မန်စီ ဖေဖော်ဝါရီ ၂၈

UNOCHA အဖွဲ့မှ ဦးမိုးအောင် ဦးဆောင်သော UN အဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ နေရပ်ပြောင်းရွှေ့နေထိုင်လျက်ရှိသော ဘုံဆစ်ပါနှင့် လာနာဗွမ်စခန်းများရှိ ယာယီတိမ်းရှောင် မိသားစုများအား လှူသုံးကုန်ပစ္စည်းများ၊ အရေးပေါ်သုံး အိမ်သာပလတ်စတစ်ခွက်၊ ရေကရား၊ ရေပုံးများ၊ ကျောင်းသားသုံး ကျောပိုးအိတ် ၁၄၀၀၊ ကျောင်းခန်းပစ္စည်းနှင့် ကလေးအပန်းဖြေ ကစားစရာပစ္စည်းများ အစရှိသည်တို့ကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ပြီး သွားရောက်ကူညီထောက်ပံ့ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ ရင်ငြိမ်းပန်း(လွယ်ဂျယ်)

နိုင်ငံဘက်စုံ
တည်ဆောက်ရေး
မှန်မှန်ကန်ကန်
အခွင့်ပေး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အားကစားတပ်ဖွဲ့ဝင်များအား ရဲချုပ်က ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြိုင်ပွဲဝင်အားကစားသမားတပ်ဖွဲ့ဝင် ၇၁ ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက(အောက်ပုံ) ဂုဏ်ပြု အမှာစကားပြောကြားပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ရွှေတံဆိပ်ဆု ၁၂ ခုအတွက် တစ်ဆုလျှင် ကျပ်ငါးသိန်းစီ

ချီးမြှင့်ခြင်းဖြင့် ကျပ်သိန်း ၆၀ ကို ရွှေတံဆိပ်ရရှိခဲ့ကြသော အားကစားသမားများကိုယ်စား ပိုက်ကျော်ခြင်း အားကစားသမား ဒုရဲအုပ်စည်သူလင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက လည်းကောင်း၊ ငွေတံဆိပ်ဆု ရှစ်ခုအတွက် တစ်ဆုလျှင် ငွေ ကျပ် သုံးသိန်းချီးမြှင့်ခြင်းဖြင့် ငွေ ကျပ် ၂၄ သိန်းကို ပိုက်ကျော်ခြင်း အားကစားသမား ဒုရဲအုပ် အိသဥ္ဇာအား ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းခေါင်က လည်းကောင်း၊ ကြေးတံဆိပ်ဆုတစ်ဆုလျှင် ငွေကျပ်နှစ်သိန်းချီးမြှင့်ခြင်းဖြင့် ၃၄ ဆုအတွက် ငွေကျပ် ၆၈ သိန်းကို ဘောလုံးအားကစားသမား ဒုရဲမှူး စန်းစန်းမော်အား ရဲထောက်ချုပ် ရဲမှူးချုပ်သိန်းဦးက လည်းကောင်း၊ အားကစားနည်းအလိုက် ဆုမရရှိခဲ့ကြသော်လည်း ကြိုးစား ယှဉ်ပြိုင်ခဲ့ကြသော အားကစားသမား ၃၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းကျပ် ချီးမြှင့်ခြင်းဖြင့် ငွေကျပ် ၃၅ သိန်းကို အားကစားသမားတပ်ဖွဲ့ဝင်များ ကိုယ်စား ပြေးခုန်ပစ်အားကစား သမား ရဲတပ်ကြပ် ဇော်လွင်ထူးကို အမှတ် (၁) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သန်းတင်အောင်က လည်းကောင်း စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် ၁၈၇ သိန်းကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခံရသော အားကစားသမားတပ်ဖွဲ့ဝင်များကိုယ်စား ဘောလုံးအားကစားသမား ဒုရဲမှူး စန်းစန်းမော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး မွန်းလွဲ ၂ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အထိမ်းအမှတ် လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ဆုရရှိသူများစာရင်းကြေညာခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ဖြူလုပ်သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အထိမ်းအမှတ် လှုံ့ဆော်ရေးသီချင်းနှင့် Theme Song ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစီစစ်ရွေးချယ်ရေးကော်မတီမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) သန်းခေါင်စာရင်းလှုံ့ဆော်ရေးသီချင်း

စဉ် သီချင်းရေးသူအမည်	သီချင်းခေါင်းစဉ်
(၁) စောရှူးဖတ်	လူမှန်ပါမှ နိုင်ငံသာ (သို့)တို့အားလုံးမှာ တာဝန်ရှိတယ်
(၂) ကိုလွင်မြင့်	ကျေးဇူးပြု၍အဖြေပေးပါ
(၃) စင်မောင်မောင်(ခ)စရွှု	ပူးပေါင်းပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ (သို့) သန်းခေါင်စာရင်းကောက်မယ်နေ့

(ခ) Theme Song

(၁) စောရှူးဖတ်	လူမှန်ပါမှ နိုင်ငံသာ (သို့) တို့အားလုံးမှာ တာဝန်ရှိတယ်

၂။ အထက်ဖော်ပြပါ ဆုရရှိသူများသည် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစီစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မိုးအောင်ထံ ဆက်သွယ်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာကေတအဝိုင်းအနီး၊ ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အချက်အချာကျနေရာကောင်း၊ ဇရာဝဏ်လမ်းမကြီးဘေး၊ မျက်နှာဝပေ ၁၁၀၊ အနောက် ၈၅ပေ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။

ကျပ်သိန်း(၁၇၀၀၀)

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊ ၀၁-၂၄၆၇၉၂၊ ၀၁-၂၄၆၅၂၇၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

ပြည်သူ့လွှတ်တော်အစည်းအဝေး

စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်ကအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ယဉ်ကျေးမှုကဏ္ဍနှင့် သက်ဆိုင်သောမေးခွန်းနှစ်ခုကို မေးမြန်းခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြန်လည်ဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်းဆိုင်ဟိန်း၏ **မောက်မယ်မြို့ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းမှာ ရှေးဟောင်း အဆောက်အအုံအဖြစ် စာရင်းမဝင်သေးခြင်း၊ ဦးစားပေးအဆင့်လည်းမဟုတ်သေးခြင်းတို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေလျာထားတောင်းခံ၍ ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် ကန့်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **'လ' မပြည့်သော 'လ' ပြည့်ညများကို အမှန် 'လပြည့်'ညဖြစ်လာအောင်မှုစက်နှင့် အာဏာစက်ပူးပေါင်း၍ပြင်ဆင်ပေးနိုင်ခြင်း ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံများသည် ကိုယ်ပိုင်ပြက္ခဒိန်ကို ဖွဲ့ဆိုလေ့ရှိပါကြောင်း၊ ယင်းတို့တွင် နေ့သွားကိုမှီ၍ ဖွဲ့ဆိုသော ပြက္ခဒိန်မှာ ရက်ပေါင်း ၃၆၅ ရက်နှင့် ၆ နာရီကျော်ခန့်ဖြင့် တစ်နှစ်ဟု ဖွဲ့ဆိုထားသည့် ဂရေဂေါရီပြက္ခဒိန်မှာ ကမ္ဘာသုံးပြက္ခဒိန်ဖြစ်ပါကြောင်း၊ တစ်နှစ်အတိုင်းအတာကိုသာ နေ့သွားတစ်ပတ်ပြည့်အတိုင်းထားရှိပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီစသောလများကို သင့်လျော်သလို ၁၂ လပိုင်း ပိုင်းပြီး တစ်လပိုင်းလျှင် သင့်လျော်သလို ရက်များထားရှိပါကြောင်း၊ သို့ဖြစ်၍ ခရစ်နှစ်ပြက္ခဒိန်၌ လပြည့်လကွယ်မရှိပါသော်လည်း လပြည့်လကွယ် ဓလည်ကို အလိုရှိသူများအတွက် သီးသန့်ထည့်သွင်းပေးရပါကြောင်း၊

မြန်မာပြက္ခဒိန်များသည် သဘာဝ လပြည့်လကွယ် အနီးဆုံးကျသည့်၍ သဘာဝယူတွက်ချက်စေရန် တွက်ထားသော ပြက္ခဒိန်ဖြစ်ပြီး ပြက္ခဒိန်အကြံပေးအဖွဲ့ဝင် ပညာရှင်များက သုံးနှစ်ကြိုတင်ရေးဆွဲကြသော ပြက္ခဒိန်များဖြစ်ရာ ဝါထပ်၊ ရက်ငင်၊ နေကြတ်၊ လကြတ်၊ လပြည့်၊ လကွယ်များကို တိတိလပြည့် လကွယ်များကို အခြေခံ၍ ရေးဆွဲခြင်း၊ ဝေါဟာရ လပြည့် စန္ဒြမာသကိုကြည့်၍ ရေးဆွဲခြင်း၊ ဆိုလာနေ့သွား(ခရစ်နှစ်) သောရနှင့်ရေးဆွဲခြင်း၊ လနှင့်လပ်တဲ့ ပြက္ခဒိန်(လ-သွား)များကြည့်၍ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါကြောင်း။

ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာပြက္ခဒိန်သည် တစ်နှစ်လျှင် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့်ရှိသောကြောင့် ၃၆၅ ရက်ကိုသာကြည့်လျှင် လပြည့်နေ့၌ အနည်းငယ်လျော့၍ လမပြည့်သည့် ပုံကဲ့သို့မြင်ရခြင်းမှာ ကျန်ရှိသော ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့် တိတိအချိန်ကြည့်လျှင် လပြည့်ခြင်းကို ပြည့်ဝစွာ တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း၊ ပြက္ခဒိန်မမှားပါကြောင်း၊ လပြည့်ည ၁၂ နာရီတွင် နာရီ၊ မိနစ်၊ စက္ကန့်အနည်းငယ်ကွာခြားခြင်းသာ ရှိနိုင်ပါကြောင်း။

လမပြည့်သော လပြည့်ညများကို အမှန်လပြည့်ညဖြစ်လာအောင် ဓမ္မစက်အာဏာစက်နှင့် ပူးပေါင်း၍ ပြင်ဆင်ပေးခဲ့ခြင်းအစဉ်အလာသည် ဘုရားရှင်လက်ထက်ကပင် မရှိခဲ့ပါကြောင်း၊ အမတ်ကြီးဦးပေါ်ဦးနှင့် အမတ်အချို့က ကန့်ကွက်သောကြောင့် ခရစ်သက္ကရာဇ်အတိုင်း ပြက္ခဒိန်ပြင်ဆင် သတ်မှတ်ရန်နှင့်စပ်လျဉ်း၍ အမေးတော်အဖြေကျမ်းတွင် နန်းတော်တွင်း ရှိခဲ့ပြီးဖြစ်သော ဒိဋ္ဌစကျမှန်ပြောင်းဖြင့် ညစဉ် "လ" ကို ဘုရင်က ကြည့်ရှုလေ့လာ၍ တိတိဖွဲ့ထားသော ပုံတော်ပြက္ခဒိန်အသစ်ကို ကိုထွင်ပါသည်ဟု သိရှိပါကြောင်း၊

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်းဆိုင်ဟိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

သာသနာပိုင် ဆရာတော်နှင့်တကွ ပြည်သူတများက မကြိုက်နှစ်သက်သဖြင့် ပယ်ဖျက်ခဲ့ပါကြောင်း။

မြန်မာသက္ကရာဇ်(ပြက္ခဒိန်)သည် လကိုအခြေခံ၍ သူရိယ၊ စန္ဒ၊ နက္ခတ္တ၊ သာဝန၊ ပိဋကတ်ဝေါဟာရဟူ၍ အချက် (၆) ချက်ကို အခြေခံထားပြီး ဖွဲ့ဆိုထားခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံကြီးများတွင် နှစ်စဉ်ကျင်းပနေသော ကဆုန်လပြည့် ဗုဒ္ဓနေ့သည် မြန်မာနိုင်ငံထက်တစ်ရက်နောက်ရောက်နေကြောင်းနှင့် စပ်လျဉ်း၍ နှစ်စဉ်ကျင်းပနေသော ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ကမ္ဘာ့နိုင်ငံများနည်းတူ ဖြစ်စေလိုပါက အမှန်ကဆုန်လပြည့်နေ့ ရက်စွဲသည်ကို ကြေညာပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရန်ကုန်မြစ် ဒီရေအတက်အကျတိုင်းတာရာ Yangon River View ဌာနထုတ် TIDE TABLE တွင် ဖော်ပြထားသည်မှာ လဆန်း ၃ ရက်နှင့် လဆုတ် ၃ ရက်သည် ဒေါင်ရေ အမြင့်ဆုံးတက်သည့် နေ့များဖြစ်ကြောင်း၊ အချိန်မှာ ယခုစီရင်ထားသောပြက္ခဒိန်တွင် လပြည့်ညတွင် အမှန်လပြည့်အောင်ပြုပြင်၍ မရပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာပြက္ခဒိန်ကို အသုံးပြုရာတွင် ရင်းတို့၏စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေးစသည့် လူမှုရေးရာကိစ္စအရပ်ရပ်ကို ရှေးအစဉ်အလာများအတိုင်း ယုံယုံကြည်ကြည်လက်ခံပြီး ဆောင်ရွက်နေကြခြင်းတို့ကြောင့် ပြင်ဆင်ရန်မသင့်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ** ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးစီစဉ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော နည်းဥပဒေများ၊ ညွှန်ကြားချက်များ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသော်လည်း လက်ရှိအခြေအနေတွင် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကုမ္ပဏီများအနေဖြင့် အခြားကုမ္ပဏီများ နည်းတူ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် အသင်းအဖွဲ့မှတ်တမ်းနှင့် စည်းမျဉ်းများကိုရေးဆွဲ၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ မှတ်ပုံတင်ခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ အလုပ်အတွက် ရရှိခန့်ထားနိုင်သည့် လူအင်အား(MAN POWER) လျှောက်ထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီအဖြစ်မှတ်ပုံတင်ခွင့်ရရှိပြီးပါက သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီသူများအားရွေးချယ်၍ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးပြီး လုံခြုံရေးဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေး ဝန်ဆောင်မှု ကုမ္ပဏီများအနေဖြင့် ၎င်းတို့အားငှားရမ်းလိုသည့် အဝယ်ရှင်များနှင့် နှစ်ဦးသဘောတူ ညှိနှိုင်းသတ်မှတ်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ညွှန်ကြားချက်အား ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေသည့် အရန်အင်အားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုး ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ တိုးပွားလာမည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရန် ဥပဒေပညာရှင်များ၏ အကူအညီရယူပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ အကြံပြုစာပေးပို့လာပါကြောင်း၊ အကြံပြုစာတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၂ ပုဒ်မခွဲ(ယ)ကို ပြည်သူ့လွှတ်တော်က စာသားဖြည့်စွက်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်အသီးသီးအတွက် ကုလသမဂ္ဂကချမှတ်ထားသော ပါရီအခြေခံမူများအရ နစ်နာသူများကို ကူညီဆောင်ရွက်ခြင်းကဲ့သို့ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အခန်း(၆)၊ ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ဂ)တွင် **"လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေး"** ဟု ဖော်ပြထားပြီးဖြစ်သဖြင့်နစ်နာသူများအတွက် ပိုမိုထိရောက်သောဆောင်ရွက်မှုကို ကော်မရှင်၏ အစီရင်ခံစာတွင် ထည့်သွင်း၍ သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းမှုသာ ဆောင်ရွက်နိုင်ပါကြောင်း၊ ကော်မရှင်၏ အကြံပြုတင်ပြချက်များသည် နိုင်ငံတကာပါရီအခြေခံမူများအရ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် မူဘောင်အတွင်းမှသာ ဆောင်ရွက်နိုင်ခြင်းကိုတင်ပြလာခြင်း၊ နစ်နာသူများအတွက် ကော်မရှင်၏ အစီရင်ခံစာတွင်သာထည့်သွင်း၍ သက်ဆိုင်ရာသို့ အကြံပြုတိုက်တွန်းနိုင်ခြင်းတို့ကြောင့် အဆိုပါ ပုဒ်မ ၂၂ ပုဒ်မခွဲ (ယ)ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အတိုင်းသာ ဆက်လက်အတည်ပြုသင့်ကြောင်း ကော်မတီက သဘောထားမှတ်ချက်ပြုခဲ့ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်က မူလအတည်ပြုခဲ့သည့် အတိုင်းသာ ထားရှိသင့်သည့် အချက်(၁၃) ချက်တို့သည် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် အချက်များဖြစ်ပါသဖြင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ခံယူသင့်ပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

အဆိုပါ ဥပဒေကြမ်းနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁) မှ ဦးတင်ယုက အဆိုတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော် သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စုမှ ကောလိပ်ကျောင်းသားများ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို လာရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

M/V Explorer သင်္ဘောဖြင့် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဘာသာရပ်သင်တန်းကို တက်ရောက်သင်ကြားနေသော အမေရိကန်နိုင်ငံမှ ကောလိပ်ကျောင်းသား ၂၈ ဦးနှင့် နယူးယောက်မြို့ Vasser College မှ ၎င်းတို့၏ဆရာပါမောက္ခ Mr.Robert Brigham တို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ လာရောက်လေ့လာကြသည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခဲ့ပုံနှင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့်ပတ်သက်၍ ကော်မရှင်၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

M/V Explorer သင်္ဘောဖြင့် Semester at Sea ဟုခေါ်သည့် ပင်လယ်ပြင်တွင် ခရီးထွက်ခိုက် ကျောင်းသင်ခန်းစာများ လေ့လာသင်ကြားရေးအစီအစဉ်တွင် လူ့အခွင့်အရေးဘာသာရပ်အပါအဝင် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာရန် အမေရိကန်ပြည်ထောင်စု University of Virginia မှ ကမကထပြုမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းခရီးအစီအစဉ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံသို့ ဝင်ရောက်ခိုက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဖေဖော်ဝါရီ ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) ကော်လံ (၂)နှင့် (၄) ပါ ပုံစာများတွင် ဖော်ပြထားသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမိုးအောင်နှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး(အစား) **ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်နှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဒေါက်တာမြတ်ဉာဏစိုးဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့်** သတင်းစာသားများတွင်လည်း အထက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

■ ရှေ့မှ

ပြောင်းလဲနေဆောင်ရွက်နေချိန်တွင် ထွက်ပေါ်လာသည့်အတွက် နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း။

မီးမောင်းထိုးပြ

Oxford Business Group က ထုတ်ဝေသည့် အစီရင်ခံစာသည် ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာသူများ စီးပွားရေး အသိုက်အဝန်းအတွက် လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေကို မီးမောင်းထိုးပြလျက်ရှိပါကြောင်း၊ ထို့အတွက် အနာဂတ်ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း လမ်းပြမြေပုံတစ်ခုသဖွယ် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မဟာဗျူဟာမြောက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် Oxford Business Group က ပြုစုသည့် The Report Myanmar 2014 စာအုပ်ကို မိတ်ဆက်သည့် ယနေ့အခမ်းအနားကို တက်ရောက်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ကြိုးပမ်းနေသည့် ယခုအချိန်အခါတွင် ရင်းနှီးမြှုပ်နှံသူများအတွက် မိမိတို့နိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မြန်မြန်ဆန်ဆန်ရရှိရန် လိုအပ်လျက်ရှိပါကြောင်း၊ ဤအစီရင်ခံစာသည် မကြာသေးခင်ကာလက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မီးမောင်းထိုးပြသည့်အပြင် ကွဲပြားခြားနားသည့် စီးပွားရေးကို မိမိတို့လုပ်ဆောင်နေသည့် မဟာဗျူဟာမြောက် ဦးတည်ချက်များကိုပါ ဖော်ပြနေပါကြောင်း။

တရားဝင်ထုတ်ပြန်

ဤစာအုပ်သည် မြန်မာနိုင်ငံကို စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးအတွက် များစွာအထောက်အကူပြုမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ဤစာအုပ်ထွက်ရှိလာရေးအတွက် မိမိ၏ကိုယ်အား၊ ဉာဏ်အားဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခဲ့သူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်မှစတင်ပြီး The Report Myanmar 2014 စာအုပ်ကို တရားဝင် ထုတ်ပြန်လိုက်ပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား CEO Mr. Andrew Jeffreys က မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာစာအုပ်နှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား Regional Editor Mr.Paulius Kuncinas က အမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ Oxford Business Group မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် Oxford Business Group တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာစောင် မိတ်ဆက်ခြင်းအခမ်းအနား (The Launch of The Report Myanmar 2014) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ မိတ်ဆက်ခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

The Report Myanmar 2014 စာအုပ်ပုံနှိပ်ထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်နှင့် ယင်းစာအုပ်သည် မြန်မာနိုင်ငံအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို သိရှိလိုပါကြောင်း မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က ယနေ့နံနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ(အောက်ပုံ)တွင် မေးမြန်းရာ Oxford Business Group မှCEO, Andrew Jeffreys က မြန်မာနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်များကို တိကျသောကိန်းဂဏန်းဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြရန် ဤစာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ရင်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကွာခြားမှု၊ အင်ဒိုနီးရှားနိုင်ငံနှင့် ကွာခြားမှုစသည့် အချက်အလက်များကို စာအုပ်၌ တင်ပြထားသည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကမ္ဘာက အသိအမှတ်ပြုသော အဖွဲ့အစည်းမှ သတင်းအချက်အလက်များကို ဖြန့်ဝေပေးလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေ စီးပွားရေး၌ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်း၊ လုပ်ငန်းအလုပ်သမားအင်အား စသောအချက်များကို နိုင်ငံတကာက သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကဏ္ဍစုံသတင်းအချက်အလက်များကို သိရှိခြင်းအားဖြင့် ပြည့်စုံသော ပြန်လည်သုံးသပ်မှုကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ထွန်းသစ်စဈေးကွက်ဆိုင်ရာ အတိကျဆုံးနှင့် အပြည့်စုံဆုံး သတင်းအချက်အလက်များသည် ရင်းနှီးမြှုပ်နှံသူများအတွက်ရော မြန်မာနိုင်ငံတွင် လာရောက်လည်ပတ်သူများအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံကို ပထမဦးဆုံးလာရောက်သူများအတွက်ပို၍ အကျိုးရှိမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် သုံးနှစ်တာကာလအတွင်း အရှိန်အဟုန်များရလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နောက်ထပ်ပြုပြင်ပြောင်းလဲမှုများလည်း အောင်မြင်မည်ဟု မျှော်လင့်မိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသော သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ဆန်စပါးထုတ်လုပ်မှု၊ ဆောက်လုပ်ရေးစီမံကိန်းကြီးများ၊ စီးပွားရေးအညွှန်းကိန်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စသည့်အချက်အလက်များအပြင် မြန်မာနိုင်ငံသည် ကမ္ဘာကိုတံခါးဖွင့်ထားကြောင်း သိရှိရန်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ အထူးသဖြင့် လယ်ယာကဏ္ဍ၊ သတ္တုဆောက်လုပ်ရေး၊ လယ်ယာနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်း၊ အိမ်ရာစီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်မည်ဖြစ်ကြောင်းဖြင့်ဖြေကြားခဲ့သည်။

ဖြေကြား

ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး လျင်မြန်နေမှုအပေါ် ပြည့်စုံပြီး အားထားလောက်သည့် သတင်းအချက်အလက်ကို ရရှိနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ တံခါးဖွင့်လိုက်ခြင်းသည် မြန်မာနိုင်ငံအတွက် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှု အကူအညီရရှိခဲ့သည့်အပြင် အသွင်ကူးပြောင်းရေးကာလအတွင်း အခွင့်အလမ်းများစွာပေါ်ထွန်းလာခဲ့ကြောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေအသစ်တွင်လည်း ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်နိုင်သည့် မက်လုံးများ ပါဝင်သည်ကို ဤစာအုပ်ကတစ်ဆင့် သိရှိကြမှာဖြစ်ကြောင်း အောက်စ်ဖို့ စီးပွားရေးလုပ်ငန်းအုပ်စုမှ စီအီးအိုက ဖြေကြားခဲ့သည်။

အထောက်အကူပြု

ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဖြေကြားရာတွင် "ကျွန်တော်တို့ MIC အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်တဲ့အခါမှာ အဓိကတွေ့ကြုံရတဲ့ အခက်အခဲကတော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့အခြေအနေ၊ အလားအလာတွေကို လာပြီးရင်းနှီးမြှုပ်နှံဖို့ အလားအလာရှိတဲ့ ပုဂ္ဂိုလ်တွေဆီရောက်အောင်ပေးပို့ဖို့ အခက်အခဲတွေကို ရင်ဆိုင်ရပါတယ်။ နောက်ပြီး ကျွန်တော်တို့မှာရှိတဲ့ လုပ်နိုင်စွမ်းနဲ့ တစ်ကမ္ဘာလုံးကို မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့သတင်းတွေ ဖြန့်ကြက်ပေးဖို့ အခက်အခဲရှိပါတယ်။ Investment လုပ်ချင်တဲ့သူတွေကို ဖြန့်ကြက် အသိပေးချင်ပေမယ့် Capacity မရှိတဲ့အတွက် ဒီ Report က မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံလိုသူတွေကို တိကျတဲ့ Message တွေ ပေးနိုင်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အများကြီးအထောက်အကူပြုပါတယ်။

"Oxford Business Group က တစ်ကမ္ဘာလုံးကို ဖြန့်ကြက်နေတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် သူတို့ရဲ့ Report မှာ ကဏ္ဍအလိုက်ပြည့်စုံတဲ့ အချက်အလက်တွေကို ဖြန့်ဝေပေးမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အများကြီး အထောက်အကူ ဖြစ်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့ပြင် "Investment ရဲ့ သဘောသဘာဝက ကုန်သွယ်မှုနဲ့ မတူပါဘူး၊ Investment က စွန့်စားမှုများတဲ့ လုပ်ငန်းဖြစ်ပြီး လုပ်တာမှားသွားရင် အများကြီး ဆုံးရှုံးနိုင်ပါတယ်၊ ရင်းနှီးမြှုပ်နှံသူတွေကလည်း ငွေထုပ်ပိုက်ပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုပြီးလာတာ မဟုတ်ပါဘူး၊ မြန်မာပြည်ကို လာရောက်လေ့လာသုံးသပ်ပြီး Survey လုပ်ငန်းတွေ လာလုပ်ပြီးမှ အကျိုးအမြတ်ရှိမှာ သေချာမှ ရင်းနှီးမြှုပ်နှံဖို့လာကြတာပါ"ဟု ဦးအောင်နိုင်ဦးက ဆက်လက်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁

၂၀၁၄ ခုနှစ် မတ် ၁ ရက်တွင် ကျရောက်သော ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ ဝန်ကြီးအဖွဲ့ ဒုတိယအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဇလတ်ကိုလာဂမ်(ဂ်)ဇီဂျ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Derek Mitchellတို့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့်အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ဒေသတွင်း ပြန်လည်ထူထောင်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စများ၊ အနာဂတ်ကာလတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ဆက်လက် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များ၊ ဒုချိုရားတန်းကျေးရွာ၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်များစစ်ဆေးနေသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့အနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လိုမှုနှင့် လက်မှတ်ရေးထိုးလိုမှုတို့ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ဗြိတိန်နိုင်ငံရုံးခွဲမှ ဂုဏ်ထူးဆောင်သံအမတ် မစ္စဂေလ်ဒါနာဗီ ဒီ-ဝေါလ်ကာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်လိုမှု

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂက ပညာပေးဆောင်ရွက်နေသော အစိမ်းရောင်စီးပွားရေးဖြစ်မြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ သားရဲတိရစ္ဆာန်များထိန်းသိမ်းရေးအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာနှင့် ငွေကြေးလိုအပ်ချက်ရှိမှု၊ သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့အနေဖြင့် မြန်မာနိုင်ငံနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုမှု၊ ၄င်းအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ ဗြိတိန်နိုင်ငံရုံးခွဲမှ ဂုဏ်ထူးဆောင်သံအမတ် မစ္စဂေလ်ဒါနာဗီ ဒီ-ဝေါလ်ကာ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Gerek Mitchell အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဗေဟုသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှငွေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ့တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဆောင်ရွက်မှုအခန်းကဏ္ဍတွင် အတိတ်သမိုင်းကြောင်း၌ ပါဝင်ဆောင်ရွက်ခဲ့ရမှု၊ ပစ္စုပ္ပန်ကာလပါဝင် ထမ်းဆောင်နေမှုနှင့် အနာဂတ်ကာလ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းပေါ်၌ ဆက်လက်ဆောင်ရွက်မည့် အခန်းကဏ္ဍတို့နှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ဖြစ်ထွန်းတိုးတက်မှုနှင့် အနာဂတ်အလားလာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကိစ္စရပ်များအားလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးလာလျက်ရှိ လာမည့်ဘဏ္ဍာနှစ်တွင် ငါးဘီလီယံထိ တိုးလာနိုင်မည်ဟုမှန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးလာလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် FDI အနည်းဆုံးဒေါ်လာ ၄ ဘီလီယံထိ မျှော်မှန်းထားကာ အခြေအနေကောင်းပါက ၅ ဘီလီယံထိပင် မျှော်မှန်းသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက MICC ၌ ယနေ့ကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ စတင်မိတ်ဆက်ခြင်း အခမ်းအနား၏သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

မြန်မာနိုင်ငံ၌ တိုင်းပြည်စီးပွားရေး အရှိန်မြှင့်ဖွံ့ဖြိုးတိုးတက်လာစေရေး ဖြေလျှော့မှုများပေးထားပြီးဖြစ်သော်လည်း များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ သို့သော် နိုင်ငံတကာဈေးကွက်နှင့် စီးပွားရေးအခွင့်အလမ်းများစွာတို့ပေါ်ထွက်လာမှုနှင့်အတူ တိုင်းပြည်၏ အနာဂတ်သည် အပြုသဘောဆောင်တိုးတက်မှုများ ရှိလာခဲ့ပြီလည်းဖြစ်သည်ဟု သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလက ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာနိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် အကြီးမားဆုံး အထောက်အကူတစ်ခု ဖြစ်ခဲ့သည်။

ဦးအောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော FDI စာရင်းဇယားကို လေ့လာမှုအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်က FDI ဝင်ရောက်မှု ကန်ဒေါ်လာသန်း ၃၀၀ ခန့်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်မှ ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ကျော်ဝင်ရောက်လာခဲ့သဖြင့် ယမန်နှစ်ထက် လေးဆကျော် ငါးဆနီးပါး မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ယနေ့အထိဆိုပါက FDI ၃ ဒသမ ၅ ဘီလီယံဒေါ်လာရှိသဖြင့် နောက်ထပ်နှစ်ဆကျော်တက်လာခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသွားသည်။

၄င်းအပြင် ညွှန်ကြားရေးမှူးချုပ်က Investment ၏ သဘောသဘာဝသည် ကုန်သွယ်မှုကဲ့သို့ လုပ်၍မရကြောင်း၊ Investers များက ပထမဦးဆုံးလေ့လာခြင်း၊ အချက်အလက်များရှာဖွေ၊ သုံးသပ်၊ ဆန်းစစ်ကာ အမှန်တကယ်အကျိုးအမြတ် ရနိုင်မရနိုင်၊ သေချာမသေချာ လေ့လာပြီးမှပင် Investment လာလုပ်ခြင်းဖြစ်သဖြင့်စီးပွားရေးလုပ်ငန်း အသေးဆုံးမှစကာ အချိန်အားဖြင့် ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်စသဖြင့် အချိန်ပေးရပါကြောင်း၊ အချို့သူများပြောဆိုကြသည့် ၂၀၁၅ ကျော်မှ FDI များဝင်လာမည်ဆိုခြင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်မည်ဆိုခြင်းဟူသောပြောစကားများကို မိမိအနေဖြင့် ယင်းကဲ့သို့ မထင်မြင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံရေးမေးခွန်းများလုံးဝမမေးမြန်းတဲ၊ FDI Law အကြောင်း၊ မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံပါက မည်သို့အကျိုးအမြတ်ရမည်ဆိုသော မေးခွန်းများသာမေးမြန်းပါကြောင်း၊ စသည်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ကြသော Investment များနှင့်ပတ်သက်ကာ ရှင်းလင်းသွားသည်။

ထည့်သွင်းပြောကြား

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် Oxford Business Group တို့ကထုတ်ဝေသော ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာနှင့် (The Report Myanmar 2014) က မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအပေါ် မည်ကဲ့သို့အကျိုးဖြစ်စေမည်ကို ဒီ Report ကနေ Investment တွေ များများဝင်လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သောအခြေအနေ၊ အလားအလာများကို ရင်းနှီးမြှုပ်နှံချင်သူများထံသို့ message ပေးချင်သော်လည်း capacity မရှိသည့်အတွက်ကြောင့် မပြောနိုင်စဉ် World-wide လုပ်နေသောမီဒီယာဖြစ်သည့် ဒီ Report က တစ်ကမ္ဘာလုံးသို့ တိကျသော message ပေးနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု မြင့်တင်ရေးအတွက် အများကြီး အထောက်အကူပြုနိုင်မည်၊ မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သတင်း-မြတ်မွန်ထွေး
ဓာတ်ပုံ-အေးမင်းစိုး

အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးဆုံးဖြတ်ချက် ထပ်ဆင့်ရှင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်သောဆုံးဖြတ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့် ရှင်းလင်းခြင်းအခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်နိုင်တက်ရောက်အမှာစကားပြောကြားသည်၊ အခမ်းအနားတွင် နေပြည်တော်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက ၂၀၁၃ ခုနှစ်အတွင်း နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်သောဆုံးဖြတ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်တို့မှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်ကျင်နိုင်က နေပြည်တော်ကောင်စီမှ လှူဒါန်းသည့်ငွေကျပ်သိန်း ၅၀ အား နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့သို့ပေးအပ်ရာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးက လက်ခံယူသည်၊ ဆက်လက်၍ ရေကြောင်းပညာတက္ကသိုလ် တတိယနှစ်တက်ရောက်ပညာသင်ကြားနေသည့် လယ်ဝေးမြို့မှ မယုယုငြိမ်းဇော်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ရာ လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရသည်။ (ခရိုင် မြန်/ဆက်)

ကြံတောင်သူများ၏အခက်အခဲများ ပြေရှင်းဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပုဗ္ဗသီရိမြို့နယ် ဒဟတ်ကုန်းသကြားစက်ရုံနယ်မြေရှိ ကြံစိုက်တောင်သူများမှ ယခုနှစ်ကြံရာသီတွင် ပင်ထောင်ကြံများ ကျန်ရှိနေခြင်း အခက်အခဲ ထင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီနယ်မြေ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးဆောင်ပြီး ပုဗ္ဗသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒဟတ်ကုန်းသကြားစက်ရုံစက်ရုံမှူးတို့က ဗဲကြီးကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းတွင် ကြံတောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဗဲကြီးကျေးရွာအုပ်စု၊ မြတ်ခွဲကျေးရွာအုပ်စု၊ လယ်သာကျေးရွာအုပ်စု၊ ညောင်လှေးကျေးရွာအုပ်စုနှင့် ပုဇွန်ဆိပ်ကျေးရွာအုပ်စုတို့မှ ကြံတောင်သူများ၏ ကြံများကို တိုင်းဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စက်ရုံမှူးတို့က နေ့စဉ်လိုအပ်သော ကြံသယ်မော်တော်ယာဉ်များ၊ ကြံခုတ်လုပ်သားများအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လိုအပ်ချက်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်တွင် ဒဟတ်ကုန်းစက်ရုံနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရာသီဥတုကောင်းမွန်မှုကြောင့် တစ်ဧကကြံသီးနှံအထွက်နှုန်း ကောင်းမွန်ပြီး စက်ရုံမှဝယ်ယူရန် လျာထားကြံတန် ၂၇၅၀၀၀ အနက် ယနေ့အထိ ဝယ်ယူပေးခဲ့ပြီး ကြံတန် ၃၈၈၅၁ ဝယ်ယူပေးခဲ့ပြီး ဝယ်ယူရန်လျာထားချက် ၁၄၁ ရာခိုင်နှုန်းအထိ ဝယ်ယူပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရပြီး ဝယ်ယူရန်ပင်ထောင်လက်ကျန်တန် ၂၉၀၀၀ တန်ခန့်ကိုလည်း သတ်မှတ်ရက်အတွင်း အပြည့်အဝအကုန်အစင် ဝယ်ယူသယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ (အမ်အီးစီ)

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယခုကာလသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်နေချိန် ကာလဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းထားရှိချက်များအပေါ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်များကို ထည့်သွင်းဆောင်ရွက်နိုင်ရန် မိမိတို့ကော်မတီမှ အစည်းအဝေးခေါ်ယူရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသေးသည့် မေးခွန်းနှင့် အဆိုများအပေါ် ပြန်လည်ဖြေကြားရမည့် ကိစ္စရပ်များ၊ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ကာလအတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်အခြေအနေများကို ယခုဆွေးနွေးပွဲတွင် တင်ပြပေးစေလိုကြောင်းနှင့် ယခုဆွေးနွေးညှိနှိုင်းရရှိချက်များကို အတည်ပြုပြီး ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် တင်ပြနိုင်ရန်ဖြစ်ကြောင်းဖြင့် ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းက ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(၁၇) အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၄)အဖွင့်တွင် ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်အစိုး၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ အတွင်းရေးမှူး ဦးခင်မောင်ငွေနှင့် ကော်မတီဝင်များ၊ မေးခွန်းနှင့် အဆိုရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ၂၉ ခုမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ သက်ဆိုင်ရာ ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ရန်ကျန်သည့်မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အသေးစိတ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး အတည်ပြုချက်ရယူကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

❁ ကျောဘုံးမှ

ခတ်အားမက္ကါဝပ် ၃၀ ကို ထုတ်ယူသွားမည်ဖြစ်ရာ နှစ်အလိုက်ခတ်အားတိုးမြှင့်ယူခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံမှ နည်းပညာရှင်များနှင့်စနစ် တကျလေ့လာကာ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန်နှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝကို ကောင်းမွန်သောအကျိုးသက်ရောက်မှုရှိစေရန်တို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။

လှိုင်သာယာမြို့နယ် ထိန်ပင်စွန့်ပစ်အမှိုက်ပုံမှ ခတ်အားစက်ရုံတည်ဆောက်ရေးစီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တင်ဒါများဖွင့်လှစ်ခြင်းသာ စွာ ခေါ်ယူခဲ့ရာ ကုမ္ပဏီ ၄၃ ခုတို့က အဆိုပြုခဲ့ပြီး ယင်းတို့အနက်မှ တောင်ကိုရီးယားနိုင်ငံ CHASSON INTERNATIONAL ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပြုလုပ်နိုင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုချက်ရသည်နှင့်ခတ်အားပေးစက်ရုံတည်ဆောက်မည်ဖြစ်ရာ မကြာမီ အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။ ရန်ကုန်မြို့စည်ပင်သာယာရေး နယ်နိမိတ်တွင် တစ်နေ့လျှင် အမှိုက်တန်ချိန် ၁၆၀၀ ခန့်ထွက်ရှိလျက်ရှိသည်။ ယခု စက်ရုံမှ တစ်နေ့လျှင် အမှိုက်တန်ချိန် ၈၀၀ ခန့်အသုံးပြုမည်ဖြစ်ရာ စွန့်ပစ်ပစ္စည်းများမှ ခတ်အားထုတ်ယူမှု ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

❁ ကျောဘုံးမှ

သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ဇွဲကပင်၊ မတ် ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် ဧရာဝတီ၊ အောင်ဆန်းကွင်း၌ နေပြည်တော်နှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မကွေးနှင့် ကမ္ဘောဇ

လက်ရှိရာသီတွင် နှစ်သင်းစလုံး၏ ရလဒ်မှာ မျှော်မှန်းသလို မကောင်းသေးဘဲ ရှုန်းကန်နေရသည်။ ကမ္ဘောဇအသင်းမှာ ပွဲဦးထွက်ပွဲတွင် နိုင်ပွဲရခဲ့သော်လည်း သုံးပွဲဆက်နိုင်ပွဲပျောက်နေမှုကြောင့် အဆင့်(၇)နေရာသို့ ရောက်ရှိနေသည်။ မြေဖွမ်းပိုင်းအရ ကွာခြားမှုမရှိသောကြောင့် အကြိတ်အနယ်ရှိလာနိုင်ပြီး ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပေသည်။

ရတနာပုံနှင့် ရန်ကုန်

နှစ်သင်းစလုံး၏ အကောင်းဆုံးအခြေအနေ ဖလားထိပ်ပိုင်းတွင် အမှတ်တူ ရပ်တည်နေချိန်တွင် ထိပ်တိုက်တွေ့ဆုံနေမှုကပွဲ၏ Tempo ကို ပိုမိုမြင့်တက်စေသည်။ ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံးနေရာကို လွှဲပေးခဲ့ရသည့် ရတနာပုံအသင်းအနေဖြင့် ထိပ်ဆုံးနေရာကို အိမ်ကွင်း၌ ပြန်လည်ရယူနိုင်ရန် အကောင်းဆုံးအခွင့်အရေးဖြစ်နေသည်။ လက်ရှိ ၂၀၁၄ ရာသီ MNL ပြိုင်ပွဲတွင် လေးပွဲ ၁၃ ဂိုး၊ AFC Cup ပြိုင်ပွဲတွင် ငါးဂိုးသွင်းယူထားသည့် ရန်ကုန်အသင်းတိုက်စစ်ကို ပေးဂိုးနှစ်ဂိုးသာရှိသေးသည့် ရတနာပုံ ခံစစ်ပိုင်း ဘယ်လိုထိန်းချုပ်မလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေသည်။ ၂၀၁၃ ရာသီမှာ နှစ်ကျော့စလုံးအနိုင်မပေါ်ခဲ့သည့် ရတနာပုံနှင့် ရန်ကုန်တို့ ဘယ်လိုရလဒ်များ ထွက်ပေါ်မလဲဆိုတာ......။

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၄၁၃၂၃၆ တန်ဖိုးရှိသော လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့စီမံကိန်းနှစ်ခုအတွက် လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံအမတ်ကြီး Mr.Ichiro MARUYAMA နှင့် သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌများသည် အမေရိကန်ဒေါ်လာ ၄၁၃၂၃၆ တန်ဖိုးရှိသော အထောက်အပံ့ပေးရေး သဘောတူစာချုပ်များကို ဖေဖော်ဝါရီ ၂၇ ရက်က အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ စီမံကိန်းများမှာ အမေရိကန်ဒေါ်လာ ၁၁၄၂၄၅ တန်ဖိုးရှိ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွာလယ်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေး စီမံကိန်းနှင့် အမေရိကန်ဒေါ်လာ ၂၉၈၉၉၁ တန်ဖိုးရှိ ချင်းပြည်နယ် ဟားခါးမြို့နယ် ချင်းဦးစီးအခြေခံပညာအလယ်တန်းကျောင်းခွဲကျောင်းဆောင်သစ်ဆောက်လုပ်ရေး စီမံကိန်းတို့ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းစီမံကိန်းနှင့် ချင်းပြည်နယ် ဟားခါးမြို့နယ် ချင်းဦးစီးအခြေခံပညာအလယ်တန်းကျောင်းခွဲစီမံကိန်းတို့မှ ကျောင်းသားဦးရေစုစုပေါင်း ၉၂၆ ဦး ခန့်မှာ အဆောက်အအုံများ အိုမင်းဟောင်းနွမ်းခြင်း၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေမမျှတခြင်း၊ သာသနိကအဆောက်အအုံများတွင် စာသင်ကြားနေရခြင်း၊ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိခြင်း စသော ကောင်းမွန်သော စာသင်ကြားမှုပတ်ဝန်းကျင်ကောင်းကို မရရှိနိုင်ခြင်းမှ လွတ်မြောက်မည်ဖြစ်ပြီး၊ ဤအထောက်အပံ့ဖြင့် သံကူကွန်ကရစ် စာသင်ဆောင်သစ်များ၊ ကျောင်းအိမ်သာများနှင့် ကျောင်းသုံးပရိဘောဂများစသော ကူညီထောက်ပံ့မှုများ ရရှိကြမည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီး စီမံကိန်းပေါင်း ၆၆၇ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ကျောင်းပညာရေးစီမံကိန်းပေါင်း ၂၉၉ ခု တို့ကိုဆောက်လုပ် ကူညီခဲ့ပြီးဖြစ်ပါသည်။ ဤအထောက်အပံ့များသည် ယခုနှစ်တွင် နှစ်နိုင်ငံသံတမန်တည်ထောင်မှု အနှစ် (၆၀) ပြည့်ခဲ့ပြီဖြစ်သည့် ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးကိုလည်း တိုးတက်ခိုင်မာစေလိမ့်မည်ဟု မျှော်လင့်ရသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေဆေးရုံ၊ သာကေတ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေဆေးရုံ၊ သာကေတတွင် တည်ဆောက်နေသည့် တိုးချဲ့နှစ်ထပ်လူနာဆောင်နှင့် မလွှတ်ကင်းသော Minor Procedure အခန်းနှင့် ဓာတ်မှန်ခန်း (အပေါက်း)တို့ပါဝင်သော အဆောင်အသေးစုံ ဆောက်သိမ်းပြီး မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၀-၂-၂၀၁၄ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၆-၃-၂၀၁၄ရက်
တင်ဒါဖွင့်လှစ်မည့်ရက် - ၇-၃-၂၀၁၄ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အထွေထွေဆေးရုံ(သာကေတ)
- ရွှေဝင်းသာလမ်း၊ သာကေတအခိုင်းအနီး
- ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့
ဖုန်း-၀၁-၄၅၀၇၉၁

အမြန်ပြန်လာပါ
မောင်အောင်မင်းထွန်း အမြန်ပြန်လာပါ။ ကိစ္စအဝဝ တာဝန်ယူမည်။
ဦးတင့်လွင် ၁၂/ရကန(နိုင်)၀၃၇၉၃၄၊ ဖုန်း-၀၉-၂၅၀၆၇၄၃၆၂

ရွှေတော်ဝင်မဂ္ဂဇင်း မတ်လ ထုတ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့ ဒေါပုံဥယျာဉ်လာဘမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇဓိရာဇ်(၂၃)လမ်း၊ အမှတ်(၄၁၄)၊ သုံးခန်းတွဲလေးထပ်တိုက်၊ ဒါဘာခန်း(မြေညီခန်း) ဆ(၁၂၈၅၁)အကျယ်အဝန်းရှိသည့် ကိုယ်ပိုင် နေထိုင်ပါသော တိုက်ခန်းတစ်ခန်းကို ကန်ထရိုက် ဦးလှဝေ ၁၂/တမန(နိုင်)၀၅၃၀၀၀ထံမှ ဝယ်ယူထားပြီး တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ချိုအေး ၁၂/ဥကတ(နိုင်)၁၃၃၅၀၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်မက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့် ရက်မှစ၍ ၇ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်စပယ်ဆောင်
၁၂/တတထ(နိုင်)၀၁၄၉၆၅
ဖုန်း-၀၉-၇၃၁၈၈၄၅၇

၁-၃-၂၀၁၄ရက် ရွှေရတုအလွမ်းမှသည် စိန်ရတုဆီသို့

* မင့်မရှိမဖြစ်အောင် သစ္စာစောင့်ကြတွေနဲ့ ဦးဆောင်မှုပေးခဲ့တာတွေအတွက် မိုးတို့မိသားစုက သဘာရကျေးဇူးပါမောင် (မြတ်လေး)
* ဘေးကင်းလုံခြုံမှုကို ပေးနိုင်ခဲ့တဲ့ ပွဲကိုင်ရှင်၊ စံနမူနာပြခဲ့တဲ့ ဦးဆောင်သူ၊ တိုင်ပင်ဖော်မိတ်ဆွေကောင်းဖြစ်ခဲ့တာမို့ ကျေးဇူးပါ မေကြီး (ဆု)
* သားသား၊ မီးမီးတွေရခဲ့ရင်လည်း သွန်သင်ဆုံးမ၊ လမ်းပြထိန်းကျောင်းပေးပါလို့ အပ်နှင်းပြုပါမေကြီး (နှင်း)
* မီးက ရုပ်တင်တူတာမဟုတ်ဘူး မေကြီး စိတ်ပါတူနေတာ (သဲ)
* မေကြီးရှိရင် လုံခြုံတယ်၊ ပျော်တယ် ပြီးတော့ ပြည့်စုံတယ် (ပြည့်)

မြတ်ချိုမိသားစု

ဆရာချို(ရွှေ) ၉/၀၀ တန်း
မတ်လ(၃)ရက်နေ့စခြင်း
အားသာခံ (၁၅) ဦးနိုင်း ရွှေဝေဝတီတန်း -နေ့တက်ခေတ်ခါ
(၆) ဦးဝိစ္စာလမ်း ပုဇွန်တောင် 09-254200172 , 09-73069266

ရွှေစင်အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း ပြန်လည်ဖွင့်လှစ်ပါမည်

ခေတ္တခဏရပ်နားထားပါသော ရွှေစင်အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်းကို စီးပွားရေးဇုန်မြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ အမှတ် (D-18)တွင် ၂၀၁၄ခုနှစ်၊ မတ် ၅ ရက် (ကြာသပတေးနေ့)မှစတင်၍ လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရွှေလုပ်ငန်းရှင်ကြီးများအား အနူးအညွတ် အသိပေးပန်ကြားအပ်ပါကြောင်း။

ဦးသူတော်
ရွှေစင်အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း
အလုပ်ရုံဖုန်း-၀၉-၂၅၀၇၇၇၇၈၈

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

တာမွေ(ယာယီ)ဈေး အသစ်တည်ဆောက်ရန်အတွက် ညှိနှိုင်းနေဆဲဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူများ ရောင်းဝယ်ဖောက်ကားစည်ကားရာ နေရာများဖြစ်သော ဈေးများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်လျက်ရှိရာ ကျိုက္ကဆံလမ်းပေါ်ရှိ တာမွေ(ယာယီ)ဈေးအသစ်တည်ဆောက်ရန်အတွက် ဈေးသူဈေးသားများနှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း ဈေးများဌာနမှ တာဝန်ရှိသူ၏ပြောပြချက်အရ သိရသည်။

အဆိုပါ တာမွေ(ယာယီ) ဈေးတွင် မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၆၃၀ ရှိပြီး ဈေးရုံပေါင်း ၃၂ ရုံဖြင့် ဖွဲ့စည်းထားသည်။ ထို့အပြင် ပွဲကျဆိုင်ခန်းကတ်ပြား ၁၁၀၀ ရှိနေကြောင်း သိရပြီး အမှန်တကယ် ဈေးရောင်းချခြင်းရှိ/မရှိ စိစစ်လျက်ရှိနေကြောင်းနှင့် ပြီးခဲ့သော ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနှင့် ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စိစစ်ခဲ့ရာ ဈေးရောင်းချခြင်းမရှိသည့် ပွဲကျဆိုင်ခန်းကတ်ပြား ၇၄ ကတ် စစ်ဆေးတွေ့ရှိရသဖြင့် ပြန်လည်သိမ်းဆည်းယူခဲ့ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူအား တာမွေ(ယာယီ) ဈေးမှပွဲကျဆိုင်ခန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းရာ "ကျွန်တော်တို့က ကတ်ပြားတွေကို အငှားချထားတယ်၊ ဒီပွဲကျဆိုင်တွေအတွက်ကို ကတ်ပြားတွေက လစဉ်ထုတ်ပေးရပါတယ်၊ ပေးတဲ့ပုံစံအရလည်း မူလကလေးပေပတ်လည် ဆိုင်ခန်းလေးတွေကို ကတ်ပြားတစ်ကတ် ပေးရပါတယ်၊ ဒီကတ်ပြားတွေကလည်း ကုန်ပစ္စည်းအနေအထားနဲ့ ကာလတန်ဖိုးအပေါ် မူတည်ပြီး ထုတ်ပေးရတာပါ။ ပွဲကျဈေးသည် တစ်ဦးကိုလည်း ကတ်ပြားတစ်ခု သို့မဟုတ် သုံးခုထုတ်ပေးရတာလည်း ရှိပါတယ်။ ဒီပွဲကျကတ်က လဆန်း ၇ ရက်မတိုင်မီ ကျွန်တော်တို့က လဲပေးပါတယ်၊ ပြီးတော့ နောက်တစ်ခုက ပွဲကျဈေးသည် မည်သူမဆို ခုနစ်ရက်အတွင်း မရောင်းရင် ဒီကတ်ကို ကျွန်တော်တို့က ပြန်သိမ်းပါတယ်" ဟု ၎င်းက ရှင်းပြခဲ့သည်။

ထို့အပြင် တာမွေ(ယာယီ) ဈေးကို အသစ်တည်ဆောက်ခဲ့မည်ဆိုလျှင်လည်း နဂိုရှိပြီးသား မှတ်ပုံတင်ဆိုင်ခန်းများအား ပေးရန် အသင့်ရှိနေကြောင်း၊ ပွဲကျကတ်ပြားများအတွက်လည်း လစ်လပ်ဆိုင်ခန်းနေရာအပေါ် မူတည်၍ ဈေးများဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဈေးသစ်တည်ဆောက်ပြီးပါက ရရှိသည့် ဧရိယာအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးများဌာနမှ သိရသည်။

အဆိုပါ ကျိုက္ကဆံလမ်းပေါ်ရှိ တာမွေ(ယာယီ)ဈေးမှာ ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၁ ရက်က ယခင် တာမွေဈေးဟောင်းတွင် ရောင်းချနေကြသော ဈေးသည်များအတွက် ဈေးများဌာနမှ စီစဉ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စည်ကားသော ဈေးတစ်ဈေးလည်းဖြစ်ရာ လက်ရှိဈေးများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဈေးများဌာန၊ ဈေးသူဈေးသားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြမည့် ကုမ္ပဏီများကလည်း အမြန်ဆုံး အကောင်အထည်ဖော်ညှိနှိုင်းဆောင်ရွက်သင့်ပြီး အဆိုပါ တာမွေ(ယာယီ)ဈေးအတွင်းရှိ ပွဲကျဆိုင်ခန်းများကလည်း ဆိုင်ခန်းနေရာများ ပြန်လည်ရရှိရေးအတွက် လိုလားလျက်ရှိနေကြောင်း သိရသည်။

စိုးဝင်း(SP)

မွန်ပြည်နယ်၏ ပထမဦးဆုံး အိမ်ရာစီမံကိန်းစတင်

မော်လမြိုင် ဖေဖော်ဝါရီ ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက်တွင် မွန်ပြည်နယ်၏ ပထမဦးဆုံးအဖြစ် သီရိမင်္ဂလာ အိမ်ရာစီမံကိန်းကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ အစိုးရပိုင် မြေလွတ် ကိုးဧကနေရာတွင် နှစ်ဧကကို အသုံးပြုကာ ရှစ်ခန်းတွဲ လေးထပ် အဆောက်အအုံငါးလုံးကို တစ်နှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ပြောကြားသည်။

"ယခုနှစ် မတ်လကစပြီး နောက်နှစ် မတ်လအပြီးဆောက်မယ်၊ ဒီထက်စောဖို့ရှိတယ်။ ရှစ်ခန်းတွဲ လေးထပ် ငါးလုံးဆိုတော့ အခန်းပေါင်း ၁၆၀ ရမယ်။ အိမ်ပိုင်မရှိသေးတဲ့ အိမ်ထောင်စု ၁၆၀ အတွက် အဆင်ပြေသွားပြီပေါ့။ အိမ်ခန်းတစ်ခန်း ၆၀၀ စတုရန်းပေ ကျယ်ပြီး ဧည့်ခန်း၊ ရေချိုးခန်းနဲ့ အိမ်သာ၊ မီးဖိုခန်းတွေပါမယ်။ ကင်ပွန်းချိုကန်က ရေကိုသွယ်ပေးပြီး အိမ်ခန်းတစ်ခန်း မီတာတစ်လုံးစီတပ်ဆင်ပေးမယ်။ ပန်းခြံနဲ့ ဈေးတို့လည်း ပါဝင်မယ်လို့" ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ အဆောက်အအုံကို မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီက တည်ဆောက်ခြင်းဖြစ်ပြီး မြေညီထပ်တစ်ခန်း ငွေကျပ်သိန်း ၁၃၀၊ ကျန်အထပ်များကို တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် အိမ်ပိုင်မရှိသော ဝန်ထမ်းများအတွက် (သက်ဆိုင်ရာအရာရှိ၏ တာဝန်ခံပေးမှုဖြင့်) အရစ်ကျ (ငါးနှစ်)ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ လုပ်သက်ရင့် ဝန်ထမ်းတွေကို ဦးစားပေးမယ်။ ပြီးတော့ သီရိမင်္ဂလာ ရပ်ကွက်မှာလုပ်တဲ့အတွက် အဲဒီရပ်ကွက်က ဝန်ထမ်းမဟုတ်တဲ့ ပြည်သူတွေအတွက်လည်း အဆောက်အအုံတစ်လုံး၊ အိမ်ခန်း ၃၂ ခန်းစာကို ရောင်းချပေးမယ်။ မီးအား အပြည့်အဝရဖို့လည်း ၃၁၅ KVA ထရန်စဖော်မာ နှစ်လုံးလည်း တပ်ဆင်ပေးသွားမယ်လို့" အဆိုပါဝန်ကြီးက ပြောကြားခဲ့သည်။

အိမ်ခန်း လျှောက်ထားလိုသူများသည် မတ် ၁ ရက်မှစ၍ မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီရုံးတွင် လျှောက်ထားနိုင်ပြီး ဝယ်လိုအားပေါ် မူတည်၍ နောက်ထပ် အိမ်ခန်းများလည်း အမြန်ဆုံး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်နေမင်းအောင်

သတိပေး နှိုးဆော်ချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်၊ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသော အချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher ဓာတုဗေဒပေါင်ဒါမှုန့်ဖြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ထေရီရိပ်သာ (၃)ရက် ပဋိစ္စသမုပ္ပါဒ်သင်တန်းနှင့် လူငယ်အထူးတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ကျိုက်ဒေးဝလွန်ဘုရားကြီးအနီးရှိ ထေရီမွေ့ရိပ်သာကြီးအတွင်း၌ (၈)တန်းမှသွဲ့ရဆီ (၃)ရက် ပဋိစ္စသမုပ္ပါဒ်သင်တန်းနှင့် လူငယ်အထူးတရားစခန်းပွဲကြီးကို ၂၇-၃-၂၀၁၆ရက်မှ ၂၉-၃-၂၀၁၆ရက်အထိ (၄)ညအိပ် (၃)ရက်ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ ၃-၃-၂၀၁၆ရက်မှစ၍ မည်သူမဆို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ထေရီရိပ်သာ
ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၄၂၂၁၉၈၈၀၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်း အထူးအဖွဲ့(၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း လုပ်ငန်းဆောင်ရွက်ရန် ၆"-၉" ကျောက်(၄က်ပေါက်)နှင့် ဘိလပ်မြေ(ဆင်တံဆိပ်)တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသည့်ပစ္စည်းများ၏ အရေအတွက်အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး လေယာဉ်ကွင်း အထူးအဖွဲ့(၂)၊ အောင်ဇေယျတံတားဝင်း အင်းစိန်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၄၃၇၀ တို့တွင် ၁-၃-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၃-၂၀၁၆ ရက်၊ ၈း၃၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၇-၃-၂၀၁၆ ရက်၊ ၁၃း၃၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း လုပ်ငန်းခွင်စခန်းရုံး၊ ဘိုကလေးမြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်များရပ်၊ ဦးပိုင်အမှတ် ၄၊ မြေကွက်အမှတ် ၂၀/AN၊ ဧရိယာ ၀ ဒသမ ၀၃၂၈ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကန်များရပ်၊ ခရုလောကတောင်ပေါ်၊ ဗိုလ်ထွေးလမ်း၊ အမှတ် ၇ ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သီသီထွန်း မိ/ကသန(နိုင်)၀၀၆၉၅၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO(Switzerland)
ဒေါ်အေးအေးနိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
၀၉-၄၄၈၀၂၅၇၆၂
၀၉-၄၂၈၀၀၇၀၂၀
၀၉-၇၃၂၂၉၄၆၅၆

ကားရောင်းမည်

၅၄/၂…ISUZU ခေါင်းကျဉ်း အရှေ့ Butterfly-CNG စာအုပ်ကျပြီး (128-Lit X2) မြန်မာပြည်တွင် လုံးဝမစီးရသေး၊ ဆိုဈေး ၁၉၅ သိန်း။

ဖုန်း-၀၉-၄၃၈၂၉၃၄

ဖခင်အမည်မှန်

အထက(၂)၊ မရမ်းကုန်း၊ ပဥ္စမတန်းမှ မဆုထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စန်းဟု ခေါ်ပါရန်။

ရောင်းမည်

ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာ၊ မင်းမွေလမ်း၊ မရမ်းကုန်းမြို့နယ်၊ လမ်းမတန်း၊ ထောင့်ခန်း၊ ပေ (၃၀×၅၀)၊ လေးလွှာ၊ 1 MBR ၊ 1 BR ၊ Lift ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေနိုင်သည်။

ဖုန်း-၀၉-၂၅၀၄၉၈၇၇၉၀

Padamyar fm
ပဒုမ္မာမြား FM
Yangon, 88.2 MHz

ဒေါ်အေးအေးမော် ၁၂/ပဘတ(နိုင်)၀၀၀၀၃၀နှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘုံသာအထက်လမ်း၊ အမှတ် ၃၂၃၊ ပထမထပ်နေထိုင်သူ ဒေါ်မူတွား ၁၂/ပဘတ(နိုင်)၀၂၅၀၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘုံသာအထက်လမ်း၊ အမှတ် ၃၂၃၊ ပထမထပ်ဟုခေါ်တွင်သည့်တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူတွားတစ်ဦးတည်းက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေ၏သမီး ဒေါ်အေးအေးမော်သည် ၂၆-၂-၂၀၁၆ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမရှိစဉ် အထက်ပါတိုက်ခန်းပိုင်ဆိုင်မှု စာရွက်စာတမ်းအချို့အား ယူဆောင်၍ အိမ်မှဆင်းသွားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ပြန်လည်ပေးအပ်နိုင်ရန်အတွက် ဒေါ်အေးအေးမော်အနေဖြင့် ကျွန်ုပ်မိတ်ဆွေထံသို့ အမြန်ဆုံး လာရောက်ဆက်သွယ်ပါရန်နှင့် ဒေါ်အေးအေးမော်အား ငွေချေးခြင်း၊ ရောင်းဝယ်ခြင်းပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကိုဝင်း(ကော့မှူး) LL.B, D.B.L, WIPO(Switzerland) ဒေါ်ကျာဝိုင်လှ LL.B
အထက်တန်းရှေ့နေ(စဉ်-၃၃၉၄၇) အထက်တန်းရှေ့နေ(စဉ်-၄၂၃၀၇)
ဘဏ်အကျိုးဆောင်ရှေ့နေ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၂၅၇၄၊ ၀၉-၂၅၀၄၀၀၆၅၂၊ ၀၉-၄၄၈၀၀၇၂၆၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကွင်းဆင်းဆောင်ရွက်

ကျောက်တန်း ဖေဖော်ဝါရီ ၂၈

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စိုက်ပျိုးပညာ)ဦးအေးကိုကိုသည် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုကြီးနှင့် ဒုတိယဦးစီးမှူးများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကရင်ချောင်ကျေးရွာအုပ်စု တောင်သူ ၁၄ ဦး စိုက်ပျိုးထားသော နွေစပါးပုလဲသွယ်ဧက ၁၀၀ စိုက်ကွင်းသို့ ကွင်းဆင်းရောက်ရှိပြီး တောင်သူများနှင့် ဝန်ထမ်းများကို တွေ့ဆုံကာ နည်းပညာဆိုင်ရာလုပ်ငန်းများ၊ ဈေးကွက်ဆိုင်ရာ အချက်အလက်များနှင့် နွေစပါး ပုလဲသွယ်ဧက ၁၀၀ စိုက်ပျိုးရာတွင် သိပ္ပံနည်းကျ ၁၄ ချက်နှင့် အညီ ဆောင်ရွက်သည့်အတွက် ယခု သက်တမ်း ၅၈ ရက်သား၌ ပင်ပွား ၁၆ ပင်အထိ ရရှိခြင်းကြောင့် ၇၀ ရာနိုင်နှုန်း အောင်မြင်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့်ယုံယုံကြည်ကြည်ဖြင့် ပူးပေါင်းဆောင်ရွက်လျှင် မျှော်မှန်းအထွက်နှုန်းရရှိပြီး တောင်သူများဝင်ငွေတိုးမည်မှာ အမှန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ကျဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

နွေစပါးပုလဲသွယ် ဧက ၁၀၀ စိုက်ပျိုးထားကြသော ကရင်ချောင်ကျေးရွာအုပ်စု တောင်သူ ၁၄ ဦးတို့ကလည်း မိမိတို့စိုက်ခင်းများရှိ စပါးများ အောင်မြင်ဖြစ်ထွန်းသည်ကို မြင်တွေ့ရသဖြင့် အားရကျေနပ်ကြောင်း သိပ္ပံနည်းကျ ၁၄ ချက်နှင့်အညီ စိုက်ပျိုးရန်ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့ကြသည်။ (၀၁၉)

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အသိပညာပေးဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာအုပ်စု ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်နှင့်သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်နှင့်သန်းခေါင်စာရင်းကောက်ယူနေလုပ်ငန်းများတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့အတွက် အသေးစိတ်ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသူများ၏ သန်းခေါင်စာရင်းဆိုင်ရာသိရှိလိုသည်များ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ဟောပြောပွဲသို့ ပြုတွင်းကျေးရွာအုပ်စုအတွင်းရှိ ပြုတွင်းကျေးရွာ သရက်ကုန်း၊ သရက်ပင်၊ သာစည်ရွာနှင့်ကြိဖိုကျေးရွာတို့မှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ (ဖပ)

ဇော်မျိုးနိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၂-၂၀၁၄

ရွှေဈေး (အောင်သဟာစိန်ရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၆၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၅၅၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၂၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၂၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော)	တစ်ပိဿာ	၄၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၇၅
၆။ ဆိပ်မြို့ကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၂၅-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၂၀၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၀-၁၁၈၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၀၀-၆၃၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေနုတင်ပြသည်။

ဘီယာကတ်များ တင်လာသည့်ကား အရှိန်လွန်တိမ်းမှောက်

တောင်သာ ဖေဖော်ဝါရီ ၂၈

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၇ နာရီက တောင်သာ-မြင်းခြံလမ်းမကြီးပေါ်တွင် ဘီယာပုလင်းကတ်များ တင်ဆောင်လာသောယာဉ် ချောက်ထဲသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာမှ မြင်းခြံသို့ ယာဉ်မောင်း တိန်းမင်းစိုး မောင်းနှင်လာသော ယာဉ်အမှတ် ၁က/----ဟီးနိုးကားသည် မြန်မာပုလင်း ဘီယာကတ် ၆၀၀ တင်ဆောင်လာစဉ် မိုင်တိုင်အမှတ် (၂/၄၄၈)နှင့် (၃/၄၄၈)အကြား တောင်ကြောအကွေ့၌ အရှိန်လျှော့၍ မောင်းနှင်လာရာ စတီယာရင်တိုင်အမ်းရော့ပြုတ်ထွက်ခဲ့ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏အရှေ့ဘက် ချောက်ကမ်းပါးသို့ ထိုးကျခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်မောင်းကို တောင်သာမြို့မရဲစခန်းက စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁-၃-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ စမ်းချောင်း၊ လသာ၊ မှော်ဘီ၊ သောက်ကြန့်၊ လှည်းကူး၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၂-၃-၂၀၁၄ ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ (တောင်)၊ ကမာရွတ်၊ သန်လျင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ အင်းစိန်၊ သောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၈ နာရီမှ ၁၆ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

မော်တော်ယာဉ်နှစ်စီးပေါ်မှ တမလန်းသစ်များသိမ်းဆည်းရမိ

ကသာ ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ် ဇက်ဆိပ်အနီး တမလန်းသစ်သယ်ဆောင်ထားသည့် မော်တော်ယာဉ်နှစ်စီး တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၅ နာရီတွင် ထီးချိုင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစောမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သက်နိုင်နှင့် အဖွဲ့၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်ဘုန်းမင်းစိုး၊ ထီးချိုင့်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးမင်းလင်းနိုင်နှင့် ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့ အမှတ်(၃)အရှေ့ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ် ဇက်ဆိပ်အနီး မသင်္ကာဖွယ်ရာ မော်တော်ယာဉ်နှစ်စီး ရပ်ထားကြောင်း သတင်းအရ သက်သေထီးချိုင့်မြို့ အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းအေး၊ ဦးအုန်းကြိုင်တို့နှင့် အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးဇော်နိုင်ဝင်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၆ခ/--- နှစ်ဆန်းအမျိုးအစား ၁၀ ဘီးကား အစိမ်းရောင်ပေါ်မှ တမလန်းခေါးရွေတိုင် စုစုပေါင်း ငါးတန်ခန့်နှင့် ယာဉ်မောင်း ဦးကျော်စိုး မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ခ/--- နှစ်ဆန်းအမျိုးအစား ခြောက်ဘီးကားပေါ်မှ တမလန်းတိုင် စုစုပေါင်း ငါးတန်ခန့် ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ခန့်တို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တမလန်းသစ် သယ်ဆောင်လာသူ ဦးဇော်ဝင်းနိုင် (၃၅ နှစ်) ယာဉ်မောင်း သုဝဏ္ဏရပ်ကွက် ကောလင်းမြို့နေသူနှင့် တစ်ရပ်ကွက်တည်းနေ ဦးကျော်စိုး (၄၀ နှစ်) ယာဉ်မောင်း နှစ်ဦးတို့ကို ထီးချိုင့်မြို့မရဲစခန်းတွင် ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

ကျောင်းသားတစ်ဦး စက်ဘီးစီးအိမ်အပြန် ရိုးအတွင်းပြုတ်ကျသေဆုံး

သနပ်ပင် ဖေဖော်ဝါရီ ၂၈

သနပ်ပင်မြို့နယ် အထက မင်းရွာ ပဉ္စမတန်း(C)မှ ကျောင်းသားတစ်ဦးဖြစ်သူ မောင်ကျော်ထိုက် (၁၁နှစ်)သည် ဖေဖော်ဝါရီ ၂၆ ရက်က အထက မင်းရွာကျောင်းတွင် မြန်မာစာနှင့်အင်္ဂလိပ်စာ စာမေးပွဲဖြေဆိုပြီး ၎င်းနေထိုင်ရာ ကျောင်းစုကျေးရွာအုပ်စု ကျိုက်မင်းကလော့ကျေးရွာသို့ စက်ဘီးစီးပြီး အိမ်ပြန်စဉ် တောင်ဇုကျေးရွာအတွက် ကျိုက်မင်းကလော့လမ်းဘေးရှိ ရိုးမြောင်းအတွင်းသို့ စက်ဘီးရောလုပါ ထိုးကျခဲ့ကြောင်း အနီးရှိကျောင်းသူလေးများကလာရောက်သတင်းပေးသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် သွားရောက်ဆယ်တင်ခဲ့ရာ မောင်ကျော်ထိုက်မှာ ရေနစ်သေဆုံးနေပြီဖြစ်၍ အလောင်းကို သနပ်ပင်ဆေးရုံသို့တင်ပို့ခဲ့ပြီး မင်းရွာရဲစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲထွဋ်(မင်းရွာ)

နိုင်ငံတကာအားကစား

ယူရိုပါလိဂ် ၁၆ သင်း စပါးတက်လာ

ကောင်းမြတ်သူ
စုစည်းသည်

ယူရိုပါလိဂ်ပြိုင်ပွဲတွင် စပါးက ယူကရိန်းကလပ် ဒီနီပရိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်သည်။ ဧည့်အသင်း ဒီနီပရိုက ဒုတိယပိုင်းတွင် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း အဲရစ်ဆင်က ၅၆ မိနစ်တွင် ချေပသည်။ အဒီဘာယောက ၆၅ နှင့် ၆၉ မိနစ်တို့တွင် စပါးအတွက် အနိုင်ဂိုးများ သွင်းယူပေးခဲ့သည်။ (ယာဖုံ)ပထမအကျော့တွင် ဒီနီပရိုက တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း စပါးက နှစ်ကျော့ ပေါင်းသုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ စပါးအသင်းသည် ၁၆ သင်း ပြိုင်ပွဲတွင် ပေါ်တူဂီကလပ်ဘင်ဖီကာနှင့် တွေ့မည်ဖြစ်သည်။ဘင်ဖီကာအသင်းသည် ယမန်နှစ်ကဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။ ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးသည် နာပိုလီကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးပြီးယူရိုပါလိဂ်မှ ထွက်ခဲ့ရသည်။

ဖွန်ဒါကလပ်စစ် ဂေါက်ရိုက်ပြိုင်ပွဲ မက္ကာရွိုင်း တစ်ချက်အသာဖြင့် ဦးဆောင်

မြောက်အိုင်ယာလန် နာမည်ကြီးဂေါက်သီးကစားသမား မက္ကာရွိုင်းသည် ဖလော်ရီဒါ၌ ကျင်းပသော ဟွန်ဒါကလပ်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင် တစ်ချက်အသာဖြင့် ပြိုင်ဘက်များကို ဦးဆောင်ကစားလျက်ရှိသည်။

မက္ကာရွိုင်းသည် ၆၃ ချက်ဖြင့် ခုနစ်ချက်လျှော့ရိုက်ကာ တစ်ချက်အသာရပြီး ဦးဆောင်နေခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်က အဆိုပါဖလားကို ဆွတ်ခူးခဲ့သော မက္ကာရွိုင်းသည် ကမ္ဘာ့နံပါတ်တစ်ဖြစ်လာတော့မည်ဖြစ်သည်။ ၎င်းသည် အမေရိကန်မှ ရပ်ဆဲလ်ဟင်နရီကို တစ်ချက်အသာဖြင့် ဦးဆောင်နေခြင်း ဖြစ်သည်။ ဝေလမှ ဒေါ်နယ်ဆင်က ၆၇ချက်ဖြင့် ငါးချက်လျှော့ရိုက်ပြီး တတိယလိုက်နေသည်။ ကမ္ဘာ့ကျော် တိုက်ဂါးဝုဒ်က ယင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်ပိုရိုက်ထားသည်။

ဖက်ဒဲရားနှင့် ဂျိုကိုဗစ် ဒူဘိုင်းဖလားအကြိုဗိုလ်လုပွဲ၌ တွေ့ဆုံ

နာမည်ကြီး တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားသည် ဒူဘိုင်း ချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် ချက်တင်းနစ်ကစားသမား ရိုဆောလ်ကို အနိုင်ရလိုက်သဖြင့် ကမ္ဘာ့နံပါတ် ၂ ဂျိုကိုဗစ်နှင့် အကြိုဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ကမ္ဘာ့အဆင့် ၄ ဖက်ဒဲရားသည် ရိုဆောလ်ကို ၆-၂ ၆-၂ ဖြင့် နိုင်ခဲ့သည်။ အခြား အကြိုဗိုလ်လုပွဲအဖြစ် ဗီးလစ်နှင့်ဘတ်ဒစ်ချ်တို့ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ရုရှားမှ မိခေးလ်ယုဇ်နီကို မကစားရဘဲ အကြိုဗိုလ်လုပွဲသို့ တက်ခဲ့သည်။ ရုရှားတင်းနစ်ကစားသမား ယုဇ်နီသည် နာမကျန်း၍ ပြိုင်ပွဲမှ ထွက်ခဲ့သည်။

တိုက်စစ်မှူး အနယ်ကာ ပေါင် ၈၀၀၀၀ ဒဏ်ရိုက်ခံရ

တိုက်စစ်မှူး အနယ်ကာသည် နာဇီပုံစံလက္ခဏာ ပြုလုပ်ပြသည့်အတွက် ငါးပွဲ ပိတ်ပင်ခံရပြီး ပေါင် ၈၀၀၀၀ ဒဏ်ငွေရိုက်လိုက်သည်။ အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး အနယ်ကာသည် ဒီဇင်ဘာ ၂၈ ရက်က ဝက်စ်ဟမ်းနှင့် ကစားသည့်ပွဲတွင် ယင်းကဲ့သို့ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း အနယ်ကာက ငြင်းဆိုထားသည်။ ဝက်စ်ဘရွန်းက ယင်းကဲ့သို့ ဒဏ်ရိုက်ခံရပြီးနောက် ဆိုင်းငံ့ထားသည်။ အနယ်ကာက ယင်းအမှုအပေါ် အယူခံရန် စဉ်းစားထားသည်ဟု ဆိုသည်။

နိုင်ငံတကာပြည်တွင်းလိဂ်ပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၈) — မတ် ၁

အဲဗာတန်	–	ဝက်စ်ဟမ်း	ည ၉း၃၀
ဖူလ်ဟမ်	–	ချယ်လ်ဆီး	ည ၉း၃၀
ဟားလ်စီးတီး	–	နယူးကmaterial	ည ၉း၃၀
စတုတ်စီးတီး	–	အာဆင်နယ်	ည ၉း၃၀
ဆောက်သမ်တန်	–	လီဗာပူး	ည ၁၂း၀၀

ပြင်သစ်လီဂူး ပွဲစဉ်(၂၇) — မတ် ၁/၂

စိန့်အက်တီယန်	–	မိုနာကို	ည ၁၀း၃၀
ဆိုးချော့စ်	–	ဘော်ဒိုး	နံနက် ၁း၃၀
ရန်နက်စ်	–	ဂူအင်ဂမ့်	နံနက် ၁း၃၀
ရိမ်းစ်	–	ဗလင်စီနက်စ်	နံနက် ၁း၃၀
နိုက်စ်	–	တူးလော့စ်	နံနက် ၁း၃၀
လော်ရီယန့်	–	ဘတ်စ်တီယာ	နံနက် ၁း၃၀

ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၃) — မတ် ၁

ဒေါ့မွန်	–	နူရင်ဘတ်	ည ၉း၀၀
လေဗာကူဆင်	–	မိန့်ဇ်	ည ၉း၀၀
ဝါဒါဘရီမင်	–	ဟမ်းဘတ်	ည ၉း၀၀
အော့စ်ဘတ်	–	ဟန်နိုဗာ	ည ၉း၀၀
ဘရန်းရှ်ဝစ်	–	ဂလက်ဘတ်	ည ၉း၀၀
ဘိုင်ယန်မြူးနစ်	–	ရှော့လ်ကေး	ည ၁၂း၀၀

အီတလီစီးရီးအေ ပွဲစဉ်(၂၆) — မတ် ၂

ရိုးမား	–	အင်တာမီလန်	နံနက် ၂း၄၅

စပိန်လာလီဂါ ပွဲစဉ်(၂၆) — မတ် ၁/၂

မာလာဂါ	–	ဗယ်လာဒိုလစ်	ည ၉း၃၀
လီဗန်တေး	–	အိုဆာဆူနာ	ည ၁၁း၃၀
ဂီတာဖေး	–	အက်စ်ပန်ညို	နံနက် ၁း၃၀
အယ်လ်ချီ	–	ဆယ်လ်တာဗီဂို	နံနက် ၃း၃၀

ဖေဖော်ဝါရီ ၂၇/၂၈ ယူရိုပါလိဂ်(ဒုကျော့) ဂိုးရလဒ်များ

ရှဘင်ကာဗန်	၀-၂	ဘက်တစ်
နာပိုလီ	၃-၁	ဆွမ်ဆီး
ဆီဗီလာ	၂-၁	မာရီဘော
ရက်တာဒိုးနက်	၁-၂	ပါလ်ဇန်
လူဒိုဂိုရက်စ်	၃-၃	လာဇီယို
ဆဲလ်ဘတ်	၃-၁	အေဂျက်
ဘေဆယ်	၃-၀	မက္ကာဘီတဲလ်အဗစ်
ဖရန့်ဖတ်	၃-၃	ပေါ်တို
စပါး	၃-၁	ဒီနီပရို
ထရက်ဗ်ဇွန်စပေါ	၀-၂	ဂျူဗင်တပ်စ်
လိုင်ယွန်	၁-၀	ချာနိုမိုရက်စ်
ဖီအိုရင်တီးနား	၁-၁	အက်စ်ဘတ်
ဂျန့်ခ်	၀-၂	အန့်ဇီ
ဗလင်စီယာ	၀-၀	ဒိုင်နမိုကိဗ်
ဘင်ဖီကာ	၃-၀	PAOK
အယ်လ်ခမာ	၁-၁	လစ်ဗာရေ့စ်

ယာဉ်မောင်းအလိုရှိသည်
(ပြည်တွင်း)
Mega WIN Co.,Ltd.
ယာဉ်မောင်း တစ်ဦးအလိုရှိသည်။ လိုင်စင်အနီဖြစ်ရမည်။ ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။
၈/အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ ဘောက်ထော် အင်းလေးမှတ်တိုင်။
ဖုန်း-၅၄၃၆၉၆၊ ၅၆၈၂၉၇၊ ၄၀၀၄၇၈

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၁၂၅၆၊ မြေကွက်တည်နေရာအမှတ် ၁၂၅၆၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးညွန့်မောင် NMK-၁၁၉၁၁၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၁၃/၁၁(၂၉-၄-၁၁)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်စောခြင်း ၁၂/ကမတ(နိုင်)၁၁၀၆၃၆မှ ကိုယ်စားလှယ်ရယူ၍ ၂၀၁၁ခုနှစ် အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်လိုသူများ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရှာနေပါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ကားစီးလိုက်ပို့ပေးသည်။
Ph: 209077, 209388, 09-731 67000

စာအုပ်စာပေ
လှူမိတ်ဆွေ

လစဉ်ဝင်ငွေကောင်းအဆင့်မြင့်အခန်းများငှားမည်
A. [illegible]
[illegible] Lift ပါ [illegible]
(300) sqft ML 5-2 [illegible]
- View ကောင်း [illegible] ၂ ခုပါ
- Auto ရေ/မီး ([illegible])
- Lighting နှင့် Air-Con [illegible]
- Air-Con ၅ လုံးပါ [illegible] (Ceiling)
- Remote ပါ [illegible] TV [illegible]
- [illegible] (Jacuzzi)
[illegible]
- [illegible] USD 3000 [illegible]
[illegible] ဈေးနှုန်း ([illegible])သိန်း
B. [illegible]
- [illegible] HK ၂ လွှာ 14ft × 30/60 [illegible]
[illegible] ([illegible]) သိန်း
C. [illegible] M2 51 Lakh [illegible]
Air-Con ၄ လုံး Ple [illegible] (KBZ) City Mark နှင့် [illegible] YIS [illegible]
[illegible] ([illegible]) သိန်း
ဆက်သွယ်ရန် - 09 5002201, 09 420790971
01 557095, 01 8603121 ([illegible])

အသိပေးကြေညာခြင်း

မူလပုံ

ယခုပုံ

ထက်လင်းအစွမ်းထက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ မူလထုတ်လုပ်သည့် **ဖန်ပုလင်းအစား** အန္တရာယ်ကင်းစင်ပြီး မူလဆေးအာနိသင်နှင့် ပါဝင်သည့်ဆေးပမာဏအတိုင်း ခေတ်မီလုပနိုင်ခဲ့သည့် (ပလတ်စတစ်)**ကော်ဘူးသို့** ပြောင်းလဲထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။
ထက်လင်းအစွမ်းထက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ခေတ်မီလှပသောနှစ်ထပ်တိုက်သစ်များ အမြန်ရောင်းမည်
မြောက်ဒဂုံ၊ တော်ဝင်အိမ်ရာ (100'x100') မြေကွက်တစ်ကွက်ချင်း ပေါ်ရှိ ခေတ်မီ RC(၂)ထပ်၊ ရေ၊ မီး၊ အိပ်ခန်းကျယ်(၆)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အဆင့်မြင့်မီးဖိုဆောင်၊ ကားဂိုဒေါင်၊ မြက်ခင်းကျယ်၊ ရေကူးကန်၊ အပင်မျိုးစုံပါဝင်သော တိုက်အသစ်(၂)လုံးအား သင့်တော်သောဈေးနှုန်းဖြင့်ရောင်းပါမည်။ (ညှိနှိုင်းဈေးနှုန်း - ၇၅၀၀သိန်း)
ဆက်သွယ်ရန်ဖုန်း-၀၉-၃၃၁၃၈၈၀၃၁

ပြည်သူ့လွှတ်တော်အစည်းအဝေး

စာချုပ်စာတမ်း အမိန့်၊ လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်ကအတည်ပြု

(စာမျက်နှာ-၇)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေး စီစဉ်လျက်ရှိ

(စာမျက်နှာ-၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FMပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ ရက် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ်က ရတနာပုံနှင့်ရန်ကုန်တို့ တွေ့ဆုံစဉ်။

ရတနာပုံနှင့်ရန်ကုန်တို့ ထိပ်တိုက်တွေ့ပြီ

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနှင့် တနင်္လာနေ့တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အစဉ်အလာကြီးမားသည့် ရတနာပုံအသင်းနှင့်ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ယင်းနှစ်သင်းသည် MNL ပြိုင်ပွဲစတင်ကတည်းက ပြိုင်ဆိုင်မှုပြင်းထန်သောအသင်းများအဖြစ် ရပ်တည်ခဲ့ပြီး အဆိုပါနှစ်သင်း ထိပ်တိုက်တွေ့ဆုံသောပွဲစဉ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ ယခုရာသီတွင်လည်း ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့မှာ အမှတ် ၁၀မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေရာပွဲမှာ အကြိတ်အနယ်ရှိသော ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။ သုံးပွဲနိုင်၊ တစ်ပွဲသရေ ၁၀ မှတ်စီရရှိထားပြီး ဂိုး ကွာခြားချက်ဖြင့် ရန်ကုန်အသင်းက ပထမ၊ ရတနာပုံအသင်းက ဒုတိယနေရာတို့တွင် ရပ်တည်နေသည်။ ယခု တစ်ပတ်ပွဲစဉ်များအဖြစ် မတ် ၁ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးနှင့် ကမ္ဘောဇ၊ မတ် ၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံနှင့် လက်ရှိချန်ပီယံ ရန်ကုန်၊ မုံရွာကွင်း၌ ဧရာဝတီမြေနှင့် မနောမြေ၊

စာမျက်နှာ ၁၀ ကော်လံ ၅

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၉) ရက်သာ လိုတော့သည်

မာတိကာ

ရုရှားတပ်များနှင့် လက်နက်ကိုင်အဖွဲ့များ ယူကရိန်းပိုင်လေဆိပ်နှစ်ခုကို သိမ်းပိုက်ထားဟုဆို
စာ-၄

ကချင်ယာယီတိမ်းရှောင် မိသားစုများအား UNအဖွဲ့မှကူညီထောက်ပံ့လျက်ရှိ
စာ-၆

မွန်ပြည်နယ်၏ ပထမဦးဆုံး အိမ်ရာစီမံကိန်းစတင်
စာ-၁၁

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ထုတ်ယူရန် တောင်ကိုရီးယားမှ ဓာတ်အားစက်ရုံ တည်ဆောက်မည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လူနေမှုတိုးပွားလာသော ရန်ကုန်မြို့တွင် ဓာတ်အားလိုအပ်ချက်လည်း များပြားလာသည်။ ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကဖြည့်ဆည်းပေးရန်နှင့် စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များမှ ဓာတ်အားထုတ်ယူနိုင်ရန်အတွက် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမှ ဓာတ်အားထုတ်ယူမည့်စက်ရုံ တည်ဆောက်မည့်စီမံကိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တောင်ကိုရီးယားနိုင်ငံ Chasson International ကုမ္ပဏီတို့ ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

"ရန်ကုန်မြို့ကို သန့်ရှင်းပြီး စိမ်းလန်းတဲ့ မြို့ကြီးတစ်မြို့အဖြစ် ဆောင်ရွက်နေတာမို့ ပြည်သူတွေရဲ့ စွန့်ပစ်တဲ့အမှိုက်တွေကို အမှိုက်တင်ကားတွေနဲ့သယ်ဆောင်ပြီး သတ်မှတ်ထားတဲ့ အမှိုက်ပုံတွေမှာ စုပုံစွန့်ပစ်နေရပါတယ်။ အခုဆိုရင် လှိုင်သာယာမြို့နယ်မှာရှိတဲ့ ထိန်ပင်စွန့်ပစ်အမှိုက်ပုံက အမှိုက်တွေနဲ့ ဓာတ်အားထုတ်ယူမယ့် စက်ရုံတည်ဆောက်ပြီး ဓာတ်အားထုတ်ယူဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုစီမံကိန်းသဘောတူညီချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီထံတင်ပြပြီး ခွင့်ပြုချက်ရယူဖို့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က လက်မှတ်ရေးထိုးပွဲ၌ ပြောကြားသည်။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမှ ဓာတ်အားထုတ်ယူမည့် စက်ရုံတည်ဆောက်ရေး စီမံကိန်းကို မြေဧက ၁၅၀ အကျယ်အဝန်းပေါ်တွင် တည်ဆောက်ရန် စီစဉ်ထားသည်။ အဆိုပါ ဓာတ်အားစက်ရုံအတွက် တစ်နေ့လျှင်အမှိုက်တန်ချိန် ၈၀၀ ခန့် အသုံးပြုကာ ဓာတ်အားထုတ်ယူမည်ဖြစ်သည်။ ဓာတ်အားထုတ်ယူရာတွင် ပထမနှစ်တွင် ဓာတ်အား ၁၀ မဂ္ဂါဝပ် ထုတ်ယူမည်ဖြစ်ပြီး ဒုတိယနှစ်တွင်ဓာတ်အား ၂၂ မဂ္ဂါဝပ် ထုတ်ယူမည်ဖြစ်ကာ တတိယနှစ်တွင်

စာမျက်နှာ ၁၀ ကော်လံ ၁

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမှ ဓာတ်အားထုတ်ယူမည့် စက်ရုံဒီဇိုင်းပုံစံငယ်။

mmalin.npt@gmail.com
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း